# ကြေးမုံ

The Mirror

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (6-3-2013) (၇၄၁၆)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂါနာသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၆**

၂၀၁၃ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ ဂျွန် ဒရာမနီ မဟားမား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### ယနေ့ မိုးလေဝသ

**နေပြည်တော်**
တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်**
နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။

**မန္တလေး**
တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

# မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးနေပြီဖြစ်သဖြင့် နှစ်နိုင်ငံကြားဆက်ဆံရေးများ ပိုမိုတိုးတက်ရန်ဆောင်ရွက်လို

## စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပေးနိုင်ရေး ဝိုင်းဝန်းတိုက်တွန်း ပြောကြားပေးစေလို

**နေပြည်တော် မတ် ၅**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဩစတြီးယားနိုင်ငံသမ္မတ H.E. Dr. Heinz Fischer က မတ် ၄ ရက် နံနက် ၁၁ နာရီတွင် ဗီယင်နာမြို့ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုကြိုဆိုသည်။

အခမ်းအနားတွင် နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူကြပြီး နိုင်ငံတော်သမ္မတက ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဆက်လက်၍ နှစ်နိုင်ငံခေါင်းဆောင်များသည် ၎င်းတို့နှင့်အတူ ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ထို့နောက် ဩစတြီးယားနိုင်ငံသမ္မတက နိုင်ငံတော်သမ္မတအား သမ္မတနန်းတော်၌ ရင်းနှီးခင်မင်စွာနှုတ်ဆက်ပြီး သီးသန့်တွေ့ဆုံသည်။

ယင်းနောက် နှစ်နိုင်ငံဆွေးနွေးပွဲကိုကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစိုးနွယ်တို့ တက်ရောက်ကြပြီး ဩစတြီးယားနိုင်ငံသမ္မတနှင့်အတူ Cabinet Director Dr. Rene Pollitzer နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားပါလီမန်တွင် ပါလီမန်ဥက္ကဋ္ဌ Mrs. Barbara Prammer နှင့် တွေ့ဆုံဆွေးနွေးစဉ်။**

(သတင်းစဉ်)

# ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းကြရမည့် ရှားပါးအင်းကျား

**ဒေါက်တာ မြင့်သိန်း**

**ဖေဖော်ဝါရီလ ၁၁ ရက်နေ့ထုတ်ကြေးမုံသတင်းစာ၏ စာမျက်နှာ (၁၅)တွင် ဖော်ပြပါရှိသော သတင်းနှစ်ပုဒ်ကြောင့် တောရိုင်းတိရစ္ဆာန်များကို ချစ်မြတ်နိုးသော ပြည်သူတစ်ဦးအနေဖြင့် ကြေကွဲရခြင်းနှင့်အတူ ဝမ်းမြောက်ပီတိဖြစ်ရခြင်းကိုပါ ဒွန်တွဲခံစားရမိပါသည်။ အကြောင်းမှာ သတင်းစာတွင် ဖော်ပြထားသော သတင်းထောက်တစ်ဦး၏ "ရှားပါးတိရစ္ဆာန်များကို ပစ်ခတ်သတ်ဖြတ်မှုများရှိနေ" ဟူသော သတင်းတစ်ပုဒ်၏ ခေါင်းစဉ်အောက်တွင် အလွန်လှပသော သားမွေးကွက်များရှိသည့် တိရစ္ဆာန်တစ်ကောင်၏ အရေခွံကို ဝါးလုံးများဖြင့်ထိုး၍ လူအများမြင်ကွင်းတွင် ကျပ်တင်နေလှန်းထားသည်ကို ဓာတ်ပုံဖြင့် ဖော်ပြထားရာ မြင်တွေ့ရသည့် တဒင်္ဂ၌ပင် အလွန်တရာကြေကွဲမှုဖြစ်ရခြင်းဖြစ်ပါသည်။**



သတင်းရေးသားသူမှ ဆက်လက်ဖော်ပြထားသည်မှာ သဘာဝသစ်တောကြိုးဝိုင်းကြီးများအတွင်း ကျင်လည်ကျက်စား နေထိုင်လျက်ရှိကြသည့် ကျား၊ ကျားသစ်၊ မျောက်၊ ဝက်ဝံနှင့် အခြားသော ရှားပါးတိရစ္ဆာန်များကို ကရင်ပြည်နယ် သံတောင်မြို့နယ်၊ နေပြည်တော် လယ်ဝေးမြို့နယ် ခရိုင်ချင်းဆက်လမ်းအထက်ကြောများနှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့ ထိစပ်လျက်ရှိသော သစ်တောကြိုးဝိုင်းများတွင် ဒေသတွင်းရှိ မုဆိုးများက ပစ်ခတ်သတ်ဖြတ်မှုများ ရှိနေကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားရာ မြန်မာ့တောတောင်များရှိ အဖိုးတန်ရှားပါးတောရိုင်းတိရစ္ဆာန်သယံဇာတများ ပျက်စီးဆုံးရှုံးနေမှုအတွက် ကြီးစွာ ဝမ်းနည်းမှုများ ဆက်လက်ခံစားရမိခဲ့ပါသည်။

အဆိုပါသတင်းတွင် ဖော်ပြပါရှိသောဓာတ်ပုံတွင် မည်သည့်သားကောင်ဖြစ်သည်ကို ရေးသားဖော်ပြထားခြင်းမရှိသော်လည်း အဆိုပါ အရေခွံကျပ်တင်နေလှန်းခြင်းခံနေရသော သားကောင်မှာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖


### ယနေ့ မာတိကာ

ထွန်းဖောင်ဒေးရှင်းစာပေဆု မတ် ၉ ရက်၌ ချီးမြှင့်မည် — စာမျက်နှာ - ၂

တက်ညီလက်ညီ ဆီးဂိမ်းဆီ — စာမျက်နှာ - ၆

တရုတ်ဂန္ဓဝင်ဟာသကား ဝင်ငွေကောင်း — စာမျက်နှာ - ၁၂

ချယ်လ်ဆီးနည်းပြသစ်ရှာဖွေ — စာမျက်နှာ - ၁၃





ကြေးမုံစာတည်းရှုထောင့် 　 ၆-၃-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

# အတူလက်တွဲကြိုးပမ်းရှက်ဆောင်

"ကျွန်တော့်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များရဲ့ စိတ်ရင်းစေတနာနှင့် လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကာလအတွင်းရရှိခဲ့တဲ့ ယုံကြည်မှုတည်ဆောက်နိုင်ခြင်းဆိုတဲ့ ခိုင်မာမှုတွေနဲ့ မိမိတို့အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ စီးပွားရေး၊ လူမှုရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းအမျိုးမျိုး၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပြင်းပြတဲ့ ဆန္ဒတွေပေါင်းစပ်ပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်တယ်လို့ အခိုင်အမာယုံကြည်တဲ့အတွက် အတူလက်တွဲ လုပ်ဆောင်ကြဖို့"

နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်တစ်ဝန်းရှိ မိတ်ဆွေပြည်သူများအား မတ်လ ၁ ရက်နေ့တွင် ရေဒီယိုအစီအစဉ်မှတစ်ဆင့် တိုက်တွန်းခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီး တိုက်တွန်းချက်နှင့်အညီ မျက်မှောက်ကာလတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ကြရာ၌ ထင်သာမြင်သာရှိပြီး အများလက်ခံနိုင်သည့် ထင်ရှားသည့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုများကို အချိန်တိုအတွင်း အလျင်အမြန်ဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ မျှော်မှန်းသည်ထက် ခရီးပေါက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

သို့သော် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစွာဖြစ်ထွန်းရေးအတွက်မူ စိန်ခေါ်မှုများစွာရှိနေသေးသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုစိန်ခေါ်မှုအခက်အခဲများစွာတို့ကို ကျော်လွှားနိုင်ရန်အတွက် ပြင်းပြသည့်ဆန္ဒနှင့် မှန်ကန်သည့်စိတ်ရင်းစေတနာ ထားရှိခြင်းသည် အဓိကလိုအပ်ချက်ဖြစ်သည်ဟု ရှုမြင်ပါသည်။

ထိုစိန်ခေါ်မှုများတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် စိတ်တူသဘောတူ ညီညွတ်မှုတ နားလည်စာနာခွင့်လွှတ်သည်းခံနိုင်သည့် စိတ်ထားများထားရှိနိုင်ရေးမှာ အထူးအရေးကြီးလှပေသည်။

နိုင်ငံတော်အနေဖြင့်လည်း တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းမျိုးစုံအလိုက် ငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များတွင် မိမိတို့စွမ်းဆောင်နိုင်သည့် ကဏ္ဍအသီးသီးမှ ပါဝင်ကြိုးပမ်းလုပ်ဆောင်နိုင်ရန်အတွက်လည်း လမ်းဖွင့်ပေးထားပြီးဖြစ်သည်။

နိုင်ငံအတွင်းရှိ ပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် အလျင်အမြန်ပေါ်ထွန်းရေးပင်ဖြစ်သည်။ ထိုသို့ ပေါ်ထွန်းလာစေရေးသည် ပြည်သူပြည်သားအားလုံးအတွက် အဓိကလိုအပ်ချက်ဖြစ်၍ မတူကွဲပြားသော မိမိတို့၏ စိတ်သဘောထားများကို ဘုံအကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေးရှုပြီး စိတ်ရင်းစေတနာကောင်းများဖြင့် ညီညီညွတ်ညွတ် လုပ်ကိုင်ကြဖို့ဖြစ်သည်။

မိမိတို့၏ စိတ်သဘောထားများ ကွဲပြားနေဦးမည်ဆိုလျှင် မျှော်မှန်းထားသော ခရီးပန်းတိုင်နှင့် အလှမ်းဝေးနေဦးမည်သာဖြစ်သည်။ ခေတ်မီပြုပြင်ပြောင်းလဲရေးများ အောင်မြင်စေရန်အတွက် ပြည်တွင်းအင်အားသည် အဓိကကျပေသည်။ အထူးသဖြင့် ကမ္ဘာကြီးမှာ ရွာကြီးတစ်ရွာဖြစ်သဖြင့် ကမ္ဘာကြီးနှင့်လည်း ဆက်ဆံရပေသေးသည်။

လက်တွေ့တွင်လည်း နိုင်ငံတော်အကြီးအကဲများက ကမ္ဘာ့နိုင်ငံများသို့ သွားရောက်၍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးပိတ်ဆို့မှု အပြီးတိုင်ရုပ်သိမ်းရေး၊ ကြွေးမြီကိစ္စများ အလုံးစုံရှင်းလင်းနိုင်ရေး စသည့်အကူအညီများရရှိအောင် ချမ်းသာပြည့်စုံသောနိုင်ငံများသို့ သွားရောက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တစ်ဖက်ကလည်း ပြည်တွင်းအားသည် အဓိကကျသောကြောင့် ပြည်တွင်း၌ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူတကွ ပူးပေါင်းလုပ်ဆောင်ရေးလုပ်ငန်းများကို စိတ်တူကိုယ်တူလုပ်ကိုင်ကြရမည်ဖြစ်သည်။ မတူကွဲပြားသော အမြင်မတူသော ကိစ္စရပ်များကို သတိထား၍ တူညီသည့်အချက်များဖြင့် တွဲလုပ်ကာ မိမိနိုင်ငံ တိုးတက်အောင်မြင်ရေးအတွက် ရှေးရှုကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ။



# Myanmar Upstream Summit 2013 ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၅**

ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူတာဝန်ခံဆောင်ရွက်မှုတို့ကို ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ပေးနိုင်ရန် ရည်ရွယ်ပြုလုပ်သည့် Myanmar Upstream Summit 2013 ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ မတ် ၄ ရက် နံနက်ပိုင်းတွင် ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲအစီအစဉ်များကို ဆက်လက်ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်သည်ကြီးများဟိုတယ် သီးသန့်ဧည့်ခန်းဆောင်၌ စင်ကာပူနိုင်ငံအခြေစိုက် Energy Market Authority မှ Chief Executive CHEE HONG TAT နှင့် အဖွဲ့အားတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဆက်လက်၍ The World Street Journal မှ Energy Reporter Jacop Gronholt-Pedersen အားတွေ့ဆုံ၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ အကျိုးတူဖက်စပ်လုပ်ကိုင်သွားမည့် အခြေအနေများကို ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အင်္ဂလန်နိုင်ငံအခြေစိုက် CWC Group Limited နှင့် မြန်မာနိုင်ငံ PARAMI ENERGY GROUP OF COMPANIES တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံစွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် စာတမ်းရှင် ၃၁ ဦးက ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်သည်။

အခမ်းအနားများသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးထင်အောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ စွမ်းအင်ဆိုင်ရာ ကုမ္ပဏီများ၊ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကားရောင်းဝယ်မှုလုပ်ငန်းများ အခမဲ့ ဦးရာလူစနစ်ကျင့်သုံးနိုင်

**ရန်ကုန် မတ် ၅**

ကမာရွတ်မြို့နယ် ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းအား ဖေဖော်ဝါရီ ၂၈ ရက်က ပိတ်သိမ်းပြီး ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးနှင့် ဒဂုံမြို့နယ် ပြည်လမ်း မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်းအသီးသီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ စခန်းအသီးသီးသို့ ယာဉ်ရောင်းဝယ်ဖောက်ကားမှုနှင့်အတူ ရောင်းသူ ဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း ကားပွဲစားကိုကျော်သက်ထံမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သီရိမင်္ဂလာဈေးသို့ ပြောင်းရွှေ့ရန် အချိန်မလုံလောက်၍ ဖေဖော်ဝါရီ ၂၈ ရက်သို့ ထပ်မံ အချိန်တိုးပေးခဲ့သဖြင့် ယာဉ်ပွဲစားယာဉ်များ ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်ပြောင်းရွှေ့ခဲ့ရာ ပွဲစားယာဉ်၊ လုပ်ငန်းရှင်ယာဉ်နှင့် ကုမ္ပဏီယာဉ်အားလုံး သီရိမင်္ဂလာဈေးဟောင်း မြေညီထပ်သို့ ရောက်ရှိပြီးဖြစ်ကြောင်း ကားပွဲစားကိုကျော်သက်က ရှင်းပြသည်။

သီရိမင်္ဂလာဈေးမြေညီထပ်တွင် ယခုအခါ ပြောင်းရွှေ့ဖွင့်လှစ် ရောင်းဝယ်ဖောက်ကားနေသော ကားအကြီးအသေးအပါအဝင် ကားအစီးပေါင်း ၅၀၀ နီးပါးခန့်ရှိပြီး ကားရောင်းဝယ်မှုလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ရန် လက်ရှိအခြေအနေအရ အခမဲ့ ဦးရာလူစနစ်ကျင့်သုံးပြီး ဖွင့်လှစ်လျက်ရှိကာ ကားဝင်/ထွက်မှုကို ဝင်/ထွက်ပေါက် လေးပေါက်နှင့် အတွင်းယာဉ်သွားလမ်း သုံးလမ်းနှင့် ပတ်လမ်းတစ်လမ်း စီစဉ်ထားကြောင်း၊ ကားရပ်နားနိုင်မည့် ကြမ်းခင်းဧရိယာမှာ ပေ ၈၆၀ × ၄၂၅ ပေ ကျယ်ဝန်းသဖြင့် ကားသေးစုစုပေါင်း ၈၁၀ အထိ ရပ်နားနိုင်ပြီး ကားကြွခိုင်မှုအတွက် အမြင့်တင်ရေစင်ဂါလန် ၄၀၀ ဆံ့ သုံးလုံးနှင့် မီးချောင်းအရေအတွက် ၂၀၀ ကျော် တပ်ဆင်ပေးထားပြီး နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ရောင်းဝယ်ဖောက်ကားခွင့်ပြုထားသည်။ ညအိပ်ရပ်နားယာဉ်များအား လုံးဝတာဝန်မယူပါ။ ညစောင့်ကားထိန်းသိမ်းမှုအား ကိုယ်စားစောင့်ထိန်းမှတ်ပုံတင်ထားရှိကြောင်း သီရိမင်္ဂလာဈေး ယာဉ်ရောင်းဝယ်ရေးစခန်း တာဝန်ရှိသူထံမှ သိရသည်။

ထို့အတူ ပြည်လမ်း မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်းအတွင်း ကားကြီး ၃၁၇ စီးနှင့် ကားသေး ၂၀၅ စီး စုစုပေါင်း ကားအစီး ၅၂၂ စီး ဝင်ရောက် ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။

**(စောသိန်းဝင်း)**

# ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်ပွဲအခမ်းအနား မတ် ၉ ရက်၌ ကျင်းပမည်

**ရန်ကုန် မတ် ၅**

ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၁၂)ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအားလုံးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ ဆက်သွယ်ရမည့် ဖုန်းမှာ ၀၁-၂၉၆၃၂၅ နှင့် ၀၉-၇၃၁၀၄၄၈၇ တို့ဖြစ်သည်။ **(သတင်းစဉ်)**

TRAVEL ZONE ( T-ZONE ) ခရီးစဉ်

| | | | | | |
|---|---|---|---|---|---|
| ဟောင်ကောင် ၊ မကာအို၊ မလေး၊ ထိုင်း | (၈)ရက် | Apr.12,13 | ဝန်ကောက် ၊ ပတ္တရား | (၈)ရက် | Apr. 11,12, 13 |
| ကမ္ဘောဒီးယား ၊ ဗီယက်နမ်၊ ထိုင်း | (၈)ရက် | Apr.12,13 | ဝန်ကောက် ၊ ဖူးခက် | (၈)ရက် | Apr. 11,12 |
| ဟောင်ကောင် ၊မကာအို ၊ကွမ်ကျိုး | (၈)ရက် | Apr.10 | ကိုရီးယား ခရီးစဉ် | (၈)ရက် | Apr.10,13 |
| စင်္ကာပူ၊ မလေးရှား၊ ဘာလီ | (၈)ရက် | Apr.10,12 | ဂျပန် ခရီးစဉ် | (၈)ရက် | Apr.9,10,13 |
| စင်္ကာပူ၊ မလေးရှား ၊ ထိုင်း | (၈)ရက် | Apr.12,13 | ဥရောပ (၁၀)နိုင်ငံ | (၁၄)ရက် | Apr.9,11 |
| အမေရိကား ခရီးစဉ် + ဟာဝိုင်အီ | (၁၆+၂)ရက် | Apr.9 | ကူမင်း ၊ ဗီကင်း ၊ ရှန်ဟိုင်း | (၈)ရက် | Apr.11,12,13 |

အမှတ်(၂)၊ ... ရန်ကင်းမြို့နယ် / PH: 01-548473, 01-8603754, 09-73119243, 09-5145812, 09-5185283

NATURAL BREEZE Travels & Tours
"Breeze Brings the Remembrance of Your Life......"
ကိုရီးယား April 14 ၈ည ၉ရက်
ဟောင်ကောင်-တရုတ်ပြည်
April 11
စင်္ကာပူ – မလေးရှား 　 ဝန်ကောက်–ပတ္တရား
April 12-13 　 April 13-14
April 21 ရှမ်းပြည်
01 500734,09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဩစတြီးယားနိုင်ငံ သမ္မတတို့ သီးသန့်တွေ့ဆုံစဉ်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

နိုင်ငံရေးတည်ငြိမ်မှု ရရှိရန်အတွက် နိုင်ငံရေး အဖွဲ့အစည်းများအားလုံး နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ခွင့်ရှိစေရန် ဆောင်ရွက်ပေးခဲ့သည့် အခြေအနေ၊ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ခွင့်ရစေရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံနေရသူများကိုလည်း ပြန်လည်စေလွှတ်ပေးခဲ့မှု အခြေအနေနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝစဉ်ငြိမ်းချမ်းရေး ရရှိစေရန်ဆောင်ရွက်နေမှု အခြေအနေများ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများနှင့် ၎င်းတို့ကို ကျော်လွှားနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရမည့် အစီအမံများ၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးရန် လိုအပ်သည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နှစ်နိုင်ငံ ခေါင်းဆောင်များသည် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို ကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတော်သမ္မတက မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ဩစတြီးယားနိုင်ငံ သမ္မတက ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးရန်အတွက် ဩစတြီးယားနိုင်ငံက ထောက်ခံသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဩစတြီးယားနိုင်ငံ သမ္မတက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတသည် မွန်းလွဲပိုင်းတွင် ဩစတြီးယားနိုင်ငံ နန်းရင်းဝန်ရုံးသို့သွားရောက်၍ နန်းရင်းဝန် Mr. Werner Faymann နှင့် သီးသန့်တွေ့ဆုံခဲ့ပြီး ဩစတြီးယားပါလီမန်တွင် ပါလီမန်ဥက္ကဋ္ဌ Mrs. Barbara Prammer နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့်ဩစတြီးယားနိုင်ငံတို့မှာ ၁၉၅၃ ခုနှစ်ကပင် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုကို ထူထောင်ခဲ့ကြောင်း၊ သို့သော် လွန်ခဲ့သည့်နှစ် ၂၀ အတွင်း နှစ်နိုင်ငံအကြား ကျင့်သုံးသည့် နိုင်ငံရေးစနစ် မတူညီခဲ့သည့်အတွက် ဆက်ဆံရေး လျော့ပါးခဲ့ရကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးနေပြီ ဖြစ်သဖြင့် နှစ်နိုင်ငံကြား၌ အစိုးရချင်း၊ လွှတ်တော်ချင်း၊ ပြည်သူချင်း ဆက်ဆံရေးများကို ပိုမိုတိုးတက်ရန် ဆောင်ရွက်လိုကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲနေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဩစတြီးယား ပါလီမန် ဥက္ကဋ္ဌကလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ကြိုဆိုထောက်ခံ အားပေးပါကြောင်း၊ မြန်မာနိုင်ငံ၏ လွှတ်တော်အသီးသီးနှင့်လည်း ပိုမိုရင်းနှီးစွာဆက်ဆံလိုပါကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ၏ မူဝါဒများကို ပြန်လည်သုံးသပ်သည့် အချိန်တွင် အပြုသဘောဆောင်သည့် ရလဒ်များ ထွက်ပေါ်လာမည်ဟု မျှော်လင့်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဩစတြီးယား စီးပွားရေးနှင့်ကုန်သွယ်ရေး အသင်းချုပ်ရုံး၌ကျင်းပသည့် မြန်မာ-ဩစတြီးယား စီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ မိမိတို့နိုင်ငံတွင် ပြောင်းလဲကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်ခိုင်မြဲစေရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုရှိရန် လိုအပ်သည်သာမက စီးပွားရေးဖွံ့ဖြိုးရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံတွင်လိုအပ်နေသည့် အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကိုလည်း မျှမျှတတ ဖော်ဆောင်ပေးနိုင်သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်သဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ သို့သော် လက်ရှိအခြေအနေတွင် ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို အပြီးအပိုင်ဖယ်ရှားပေးမှု မရှိသေးခြင်းနှင့် တိုင်းရင်းသား ပို့ကုန်လုပ်ငန်းရှင်များအတွက် GSP အခွင့်အရေးများ ပေးအပ်မှုမရှိသေးခြင်းသည် ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအပေါ် အဟန့်အတားများဖြစ်နေသကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံ၌ ရေရှည် လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုရာတွင်လည်း အခက်အခဲဖြစ်ပေါ်နေရကြောင်း။

ထို့ကြောင့် ဥရောပသမဂ္ဂ၏ စီးပွားရေးပိတ်ဆို့မှုများကို လုံးဝဖယ်ရှားပေးနိုင်ရေးအတွက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ဝိုင်းဝန်းတိုက်တွန်း ပြောကြားပေးစေလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြားတွင် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆောင်ရွက်နိုင်ရန် ထပ်လောင်းဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် ညပိုင်းတွင် ဗီယင်နာမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ည ၈ နာရီ ၁၅ မိနစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့သို့ရောက်ရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ-ဩစတြီးယား စီးပွားရေးဖိုရမ်သို့ တက်ရောက်စဉ်။

(သတင်းစဉ်)

## မီးငြှိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

**သိမ်ဇရပ် မတ် ၅**

မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးနှင့် အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက စနစ်တကျ ထိရောက်အောင်မြင်စွာ မီးငြှိမ်းသတ်နိုင်ရေးအတွက် မီးငြှိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သိမ်ဇရပ်ဈေး၌ ပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးတို့ ကြီးကြပ်၍ သန္တေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ သိမ်ဇရပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်ဇော်နှင့် ကျေးရွာ မီးဘေးတားဆီးရေးအဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ယာဉ်တစ်စီး၊ အပေါ့စား မီးသတ်စက်လေးလုံးတို့ဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်း လေ့ကျင့်ဆောင်ရွက်ကြသည်။ ဇာတ်တိုက်လေ့ကျင့်မှုအပြီးတွင် သန္တေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးသတ်ဆေးဘူး၊ ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်၊ မီးသတ်ဆေးဘူးတို့ဖြင့် လက်တွေ့မီးငြှိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

**(လင်းလင်း)**

## မိုးခေါင်မှုဒဏ်ခံရသော တောင်ယာကုန်းများ ဆောင်းမြေပဲအထွက်နှုန်းတိုး

**ကန့်ဘလူ မတ် ၅**

၂၀၁၂ ခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်း မိုးနည်းပါးရာ မိုးကောင်းတောများမှာ လယ်ယာများမှ စပါးသီးနှံ လုံးဝမရရှိခဲ့ကြပေ။ စပါးသီးနှံများ မအောင်မြင်သဖြင့် ကျွဲ၊ နွားတို့အတွက် အစာကောက်ရိုးများမှ အစ၊ လူစာဆန်အထိ အခက်အခဲများ ကြုံတွေ့နေကြရသည်။

ကျွဲ၊ နွား တို့အစာ ကောက်ရိုးများရရှိရေးအတွက် မိုးကောင်းတောဒေသမှ တောင်သူလယ်သမားများသည် ဆည်မြောင်းတာတမံရေဝင်တောများရှိ လယ်ကွင်းများတွင် ရိုးဖြတ်များလာ၍ ရိတ်သိမ်းယူကြရာ အဆင်ပြေခဲ့ကြပါသည်။ လူစာဆန်များကိုကား ကြုံရာရရာ အလုပ်အကိုင်များဖြင့်အဆင်ပြေရန် စီမံဆောင်ရွက်နေကြရပေသည်။

အဆိုးထဲမှ အကောင်းဟုဆိုရမည် ဖြစ်သည်။ လယ်ယာများမှ စပါးမရကြသော်လည်း မိုးခေါင်မှုဒဏ်ခံရသော တောင်ယာကုန်းများမှာ လုံးဝမထင်မှတ်ဘဲ ဆောင်းမြေပဲများ ယခင်နှစ်များကဲ့သို့ အထွက်နှုန်းကောင်းစွာ ရရှိကြပါသည်။ ဆောင်းမြေပဲမှာ မရပါဘူးဆိုသည့် မိသားစုများပင် တင်း ၄၀ ကျော် ၅၀ အထိ ရရှိကြသည်။ ဆောင်းမြေပဲ အများအပြားစိုက်ကြသော တောင်သူလယ်သမားများမှာကား တင်း ၂၀၀ ကျော်၊ ၃၀၀ အထိပင် ရရှိကြသည်။

**(ကန့်ဘလူကံတင်အောင်)**







## နိုင်ငံတကာသတင်း

# ဆိုဗီယက်အာဏာရှင်ဟောင်းစတာလင်ကွယ်လွန်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ



**မော်စကို မတ် ၅**

ဆိုဗီယက်အာဏာရှင်ဟောင်း ဂျိုးဇက်စတာလင် ကွယ်လွန်ခြင်း နှစ်(၆၀)ပြည့်အခမ်းအနားကို မော်စကိုမြို့ရှိ ၎င်း၏အုတ်ဂူတွင် မတ် ၅ ရက်က ကျင်းပရာ ၎င်းအား ကြည်ညိုလေးစားသူများက ပန်းစည်းများချကာ ဂါရဝပြုခဲ့ကြသည်။ ထိုစဉ်အတွင်း ဆိုဗီယက်ခေါင်းဆောင် စတာလင်၏ အကျဉ်းစခန်းများ၌ ပါတီသန့်စင်ရေးမူဝါဒများကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ရုရှားပြည်သူသန်းပေါင်းများစွာအတွက် ဝေဖန်သူများက ၎င်းကိုပြစ်တင်ရှုတ်ချမှုများပြုလုပ်ခဲ့ကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ဆိုဗီယက်ယူနီယံအား ၁၉၂၄ ခုနှစ်မှ ၎င်းကွယ်လွန်သည့် ၁၉၅၃ ခုနှစ်ထိ ဦးဆောင်ခဲ့သူ ဂျိုးဇက်စတာလင်အား ကွန်မြူနစ်ဝါဒီများက ဒုတိယကမ္ဘာစစ်ကို အောင်နိုင်အောင် စွမ်းဆောင်နိုင်သူအဖြစ် ဂုဏ်ပြုကြပြီး အချို့ကမူ လူသန်းပေါင်းများစွာကို လူမဆန်စွာ သုတ်သင်ပစ်ခဲ့သူအဖြစ် ပြစ်တင်ရှုတ်ချခဲ့ကြသည်။

အလယ်အလတ်ဝါဒီဆန်သော မော်စကိုဗက်စကီနိုဗောစကီသတင်းစာ၏ ယနေ့ထုတ်မျက်နှာဖုံးတွင် အာဏာရှင်ဟောင်းစတာလင်၏ ပုံပေါ်၌ ကလေးဆန်သော လက်ရေးပန်းချီစာလုံးဖြင့် "နှုတ်ဆက်ပါတယ်၊ စတာလင်" ဟု ပုံနှိပ်ဖော်ပြသည်။

၎င်းအပြင် ကွန်မြူနစ်ဝါဒကို အခိုင်အမာယုံကြည်သော နေ့စဉ်သတင်းစာ ဆိုဗက်စကာရာရော့စီယာ၏ မျက်နှာဖုံးတွင်မူ "၎င်း၏အုပ်စိုးမှုကိုကြိုသည်"ဟူသော ခေါင်းစီးဖြင့် သတင်းဆောင်းပါးကို ဖော်ပြထားသည်။

ပြည်သူ့ဆန္ဒစစ်တမ်းတစ်ရပ်အရ ကွယ်လွန်သူ ဆိုဗီယက်ခေါင်းဆောင်ဟောင်း စတာလင်သည် ရုရှားပြည်သူအများစုနှင့် ၎င်း၏ ဖိနှိပ်ချုပ်ခြယ်မှုကိုခံခဲ့ရသော ဆိုဗီယက်ပြည်ထောင်စုဟောင်းမှ ခွဲထွက်နိုင်ငံများမှ ပြည်သူများ၏ ကြည်ညိုလေးစားမှုကိုခံရဆဲဖြစ်ကြောင်း ဖော်ပြသည်။ **ပီတီအိုင်။**



# ကမ္ဘာ့အသက်ကြီးဆုံးဆိုသူ ဂျပန်အမျိုးသမီးကြီး အသက် ၁၁၅ နှစ်ပြည့်မွေးနေ့ပွဲဆင်နွှဲ

**တိုကျို မတ် ၅**

ကမ္ဘာ့အသက်ကြီးဆုံးဆိုသူ ဂျပန်အမျိုးသမီး မာဆာအိုအိုကာဝါသည် မတ် ၅ ရက်က အသက် ၁၁၅ နှစ်ပြည့်မြောက်သည့် မွေးနေ့ပွဲကို ဘိုးဘွားရိပ်သာတစ်ခုတွင် ဆင်နွှဲခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိုကာဝါသည် ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာမြို့မှဖြစ်ပြီး မွေးနေ့လက်ဆောင်များအဖြစ် ပန်းများနှင့် ၎င်းနှစ်သက်သော အစားအစာများကို လက်ခံရရှိခဲ့သည်။ အိုဆာကာမြို့ရှိ ဘိုးဘွားရိပ်သာ၌ မွေးနေ့ပွဲအထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့သည်။

အိုကာဝါကို ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးကြီးအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်များစာအုပ်တိုက်က လွန်ခဲ့သည့်ရက်သတ္တပတ်တွင် အသိအမှတ်ပြုခဲ့သည်။

အိုကာဝါသည် ကီမိုနိုဝတ်စုံရောင်းချသော ကုန်သည်တစ်ဦး၏ သမီးဖြစ်ပြီး ၎င်းကို ၁၈၉၈ ခုနှစ်တွင် မွေးဖွားခဲ့သည်။ အိုကာဝါသည် ၁၉၁၉ ခုနှစ်တွင် ထိမ်းမြားလက်ထပ်ခဲ့ပြီး သားသမီးသုံးဦးထွန်းကားခဲ့သည်။ သားသမီးသုံးဦးအနက် သားတစ်ဦးနှင့် သမီးတစ်ဦးတို့မှာ ယခုထက်တိုင် အသက်ရှင်သန်လျက်ရှိကြပြီး အသက် ၉၀ ကျော်အရွယ်များဖြစ်ကြသည်။ **ပီတီအိုင်။**



ကမ္ဘာ့အသက်အကြီးဆုံး ဂျပန်အမျိုးသမီးကြီး အိုကာဝါအား တွေ့ရစဉ်။

# အီရန်သို့ လေယာဉ်အစိတ်အပိုင်းများတင်ပို့မှု လူနှစ်ဦးကို အမေရိကန်တရားရုံး ပြစ်ဒဏ်စီရင်

**ဝါရှင်တန် မတ် ၅**

အီရန်နိုင်ငံသို့ လေယာဉ်အစိတ်အပိုင်းပစ္စည်းများ တင်ပို့နိုင်ရန် လုပ်ဆောင်မှုတွင် ပါဝင်ပတ်သက်မှုဖြင့် အီရန်လူမျိုးတစ်ဦးနှင့် အမေရိကန်နိုင်ငံသားခံယူထားသူ တစ်ဦးတို့ကို အမေရိကန်တရားရုံးတစ်ရုံးက ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၅ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသား ဟာမစ်အဆေဖိ(၆၇)နှစ်ကို ထောင်ဒဏ် ၂၃လ ကျခံစေရန်လည်းကောင်း၊ အမေရိကန်နိုင်ငံသားခံယူထားသူ ဘားဇက်ခါရီမီယန် (၅၂)နှစ်ကို ထောင်ဒဏ် ၅၂လ ကျခံစေရန်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ခါရီမီယန်သည် အီရန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားပြီး မီဆာကာလေကြောင်းအုပ်စု၏ လေယာဉ်မှူးတစ်ဦးအဖြစ် အလုပ်လုပ်ကိုင်ခဲ့သည်။ **ပီတီအိုင်**

# ကမ္ဘောဒီးယား၌ ပြည်ထောင်စုလမ်းမကြီး၏ လမ်းပိုင်းတစ်ခုကို တိုးချဲ့ဖောက်လုပ်မှု

**ဖနောင်ပင် မတ် ၅**

ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်ထောင်စုလမ်းမကြီး၏ ၂၄၈ ကီလိုမီတာရှည်သော လမ်းပိုင်းတစ်ခုကို တိုးချဲ့တည်ဆောက်မှု အထိမ်းအမှတ်အခမ်းအနားကို မတ် ၅ ရက်က ကျင်းပရာ ဝန်ကြီးချုပ် ဟွန်ဆန်တက်ရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။ ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆီအမ်ရိပြည်နယ်နှင့် ကန်ပွန်ချမ်ပြည်နယ်ရှိ ဘာသေးခရိုင်တို့ကို ဆက်သွယ်သောလမ်းပိုင်းကို တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်သည်။

လမ်းတိုးချဲ့ဖောက်လုပ်ခြင်းဖြင့် မြို့တော်ဖနောင်ပင်မှ ဆီအမ်ရိပြည်နယ်နှင့် ထိုင်းနယ်စပ်တို့အထိ ကူးလူးသွားလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးနှင့်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ဟွန်ဆန်ကပြောကြားသည်။ ဆီအမ်ရိပြည်နယ်သည် ကမ္ဘာလှည့်ခရီးသွားများအဓိကအလည်အပတ် လာရောက်သော ဒေသတစ်ခုဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ကုန်းလမ်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်စေရန်အကူအညီအများဆုံးပေးနေသောနိုင်ငံမှာတရုတ်နိုင်ငံဖြစ်ကြောင်း၊တရုတ်နိုင်ငံသည်ကမ္ဘောဒီးယားနိုင်ငံ၌လမ်းများ၊ တံတားများနှင့် ဆည်မြောင်းများ တည်ဆောက်ရန်အကူအညီပေးနေကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်ကပြောကြားသည်။ **ဆင်ဟွာ။**


OD TOUR Since 1997
သင်္ကြန်တွင်း ပြည်ပခရီးစဉ်များ

| | | | |
|---|---|---|---|
| ဘန်ကောက်၊အယုဒ္ဓယ၊ဖူးခက် Mar 23, Apr 12,13 | ကိုရီးယား Mar 23, Apr 11 | အိန္ဒိယ၊နီပေါ Mar18 | ဗီယက်နမ်၊ကမ္ဘောဒီးယား Mar 23, Apr 12,13 |
| စင်ကာပူ၊မလေးရှား Mar 23, Apr 12,13 | ဟောင်ကောင်၊ကွမ်ကျိုး၊မကာအို Mar 23, Apr 11,13 | ဘန်ကောက်၊အယုဒ္ဓယ၊ပတ္တရား Mar 23, Apr 12,13 | စင်ကာပူ၊ဘာလီ Mar 23, Apr 12,13 |
| ဗီယက်နမ် Apr 12,13 | ကမ္ဘောဒီးယား Apr 12,13 | " (ဗီဇာ)လျှောက်ထားရန် နှင့် နိုင်ငံကူးလက်မှတ် အဆင်ပြေစေရန် အတွက် ခရီးစဉ်များအား ကြိုတင်စာရင်းပေးသွင်းစေလိုပါသည်။" | |

အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187 09-5108087, 09-5187045, 09-73022688

UNIQUE STAR Travels & Tours . . .
PROMOTION (၃) ဦးစေလွှတ် +(၁) ဦး အခမဲ့
Mar:22,Apr:10,11,12,13 (320,000)
Mar:23,Apr:11,12,13,17(185,000)
Mar:23, Apr: 13 (175,000)
Mar:7,23, Apr: 12,13 (175,000)
Mar:23, Apr: 13 (175,000)
Mar:23, Apr: 12,13 (185,000)
Mar:24, Apr: 12 (195,000)
Apr:12,13 (275,000)
Hotel Max Mar: 24 (75,000)
Apr:12,13 (275,000)
(3), Asia Plaza. 391372, 391373, 708353, 705723, 09 514 8079. / 70/A. Kabaraye Pagoda Rd. Bahan. 09 7310 9133-44-55-66.

SHINE Construction Co., Ltd.
(Member of Shine Group of Companies)
၁။ အောက်ဖော်ပြပါလုပ်ငန်းများအတွက် ကျွမ်းကျင် Sub ကန်ထရိုက်တာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများ အလိုရှိသည်-
(က) ရေလုပ်ငန်း
(ခ) မီးလုပ်ငန်း
၂။ လျှောက်လွှာများကို (၁၂-၃-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။
အထက်ဖော်ပြပါ လုပ်ငန်းများအား လုပ်ကိုင်ရန် လျှောက်ထားလိုသူများသည် မိမိတို့လုပ်ငန်းနှင့်ပတ်သက်သည့် လက်ရှိအတွေ့အကြုံများနှင့်အတူ ဓါတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ထောက်ခံစာနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ-အမှတ်(၂၉)၊ မြေညီထပ်၊ ဂျိုးဖြူကွန်ဒို၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ (အောင်ဆန်းကွင်း အထူးတန်းရှေ့)
Tel: 09-8601461, 09-73044221, 01-385341-2, Ext: 218




# နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၅**

သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံး ပိုမိုသိမြင်နားလည်သဘောပေါက်လာရန် လိုအပ်ပြီး ယင်းအတွက် သဘာဝဘေးလျော့ပါးရေး အသိပညာပေးသင်တန်းများကို ရပ်ရွာလူထုနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ပုံမှန်ကျင်းပပြုလုပ်ပေးနေခြင်း ဖြစ်ကြောင်း၊ ထိုသို့ကျင်းပပြုလုပ်ရာတွင်လည်း အနီးကပ်မိတ်ဖက်အဖွဲ့အစည်းအဖြစ် အာရှဒေသ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးဌာနမှ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာနတို့အကြား ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်ကာ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးပါက ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းလာစေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရဟိုတယ် Fantastic Hall ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာနတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ပြောကြားသည်။

ယင်းနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာနမှ Executive Director Dr. Krasae Chanawongse တို့က နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။**(အပေါ်ပုံ)**

ထို့နောက် Executive Director Dr. Krasae Chanawongse က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံတွင် ယမန်နှစ်က အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်တွင် အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန၏ အကူအညီများ ပါဝင်ကြောင်း၊ ယင်းစီမံချက်သည် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအားလုံးကို ခြုံငုံမိအောင်ရေးဆွဲထားခြင်းဖြစ်သည့် အပြင် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများအတွက် စံနမူနာလမ်းပြမြေပုံတစ်ခုလည်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်းကို လွှတ်တော်သို့ တင်ပြဆောင်ရွက်ပြီး မကြာမီ အတည်ပြုနိုင်တော့မည်ဖြစ်သည်။ ယင်းဥပဒေကြမ်း ရေးဆွဲစဉ်ကာလတစ်လျှောက် အာရှဒေသ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာနမှ အင်တိုက်အားတိုက် ပံ့ပိုးကူညီမှုများရှိခဲ့ပြီး နည်းပညာပိုင်းဆိုင်ရာများတွင်ပါ အစွမ်းကုန်ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အလေအလွင့်မရှိရန်နှင့် ရည်မှန်းချက်များပြည့်မီရန် ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာဆောင်ရွက်

**နေပြည်တော် မတ် ၅**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မတ် ၃ ရက် နှင့် ၄ ရက်တို့တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ လက်ပံတိုရေနံမြေ၊ ကျောက်ခွက်ရေနံမြေ၊ သာကြီးတောင်ရေနံမြေနှင့် ချောက်ရေနံမြေများ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)နှင့် အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ (စလေ) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ ရေနံမြေအထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ထုတ်လုပ်မှုမကျဆင်းရန်၊ ကြိုးစားထိန်းသိမ်းရန်၊ တွင်းဟောင်းနှင့် ယာယီပိတ်ထားသည့် တွင်းများမှ ပြန်လည်ထုတ်ယူနိုင်ရန်အတွက် ပူးပေါင်းလေ့လာဆောင်ရွက်ကြရန်၊ ရေနံပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် တွင်းသစ်များကို မြန်မြန်နှင့်အောင်မြင်စွာတူးဖော်နိုင်ရန်၊ ခြောက်သွေ့ရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်စေရေး ဆောင်ရွက်ရန်ရှိသည်များကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန်၊ ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး၊ ထိန်းသိမ်းရေးကိုလည်း အလေးထားဆောင်ရွက်ကြရန်၊ အလေအလွင့်မရှိစေရန်နှင့် အလွဲသုံးစား မလုပ်ကြရန်၊ ရည်မှန်းချက်များပြည့်မီရန် ဝန်ထမ်းအားလုံးစည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောက်ခွက်ရေနံမြေတွင် ပေနက်အစမ်းတွင်း အမှတ်(၂)၊ ကျောက်ခွက်တောင်တွင်းအမှတ်(၂၀)နှင့် ချောက်ရေနံမြေတွင် အကျိုးတူလုပ်ကိုင်နေသော Goldpetrol ရေနံတွင်း ကုမ္ပဏီ၏ တွင်းအမှတ်(၁၁၆၈)တို့၏ တူးဖော်နေမှုအခြေအနေများကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)၌ ရေနံချက်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ထွက်ရှိလာသည့် စက်ဆီ/ချောဆီများ သိုလှောင်ထားရှိမှု၊ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ) ၌ မတ် ၁ ရက်မှ ၂၄ ရက်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲအတွက် လျှပ်စစ်မီးပိုမိုရရှိရေး ဓာတ်အားပေးစက်ရုံများသို့ ဓာတ်ငွေ့ ပိုမိုပို့လွှတ်ပေးနေ၍ သဘာဝဓာတ်ငွေ့မရရှိမှုကြောင့် စက်ရုံခေတ္တရပ်ဆိုင်းထားနေစဉ်အတွင်း သဘာဝဓာတ်ငွေ့ ပြန်လည်ရရှိသည့်အခါ ယူရီးယားဓာတ်မြေသြဇာများ ပြန်လည်ထုတ်လုပ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ဓာတ်မြေသြဇာများ အိတ်သွတ်နေမှုနှင့် သိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# ရန်ကုန်တက္ကသိုလ်နှင့် ကောလိပ်ကျောင်းပေါင်းစုံ လှေလှော်ပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် မတ် ၅**

ကျန်းမာပျော်ရွှင်သော တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝကို ရရှိပိုင်ဆိုင်နိုင်စေရန်နှင့် နိုင်ငံ၏လှေလှော်အားကစားအဆင့်အတန်း မြင့်မားစေရန် ရည်ရွယ်ပြီး ရန်ကုန်တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်းစုံ လှေလှော်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ် ခြောက်ခုမှ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရန်ကုန်စီးပွားရေးတက္ကသိုလ်အသင်းက တံခွန်စိုက်ဒိုင်းဆုကို ရရှိသွားပြီး ရန်ကုန်ပညာရေးတက္ကသိုလ် (ကျား) လှေလှော်အသင်းက အမှတ်အများဆုံး ရရှိခဲ့သည်။ (မ)အမှတ်အများဆုံးကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်က ရရှိသည်။

လေးယောက်လှော်(ကျား)တွင် ရန်ကုန်ပညာရေးတက္ကသိုလ်လှေလှော်အသင်း(ခ)မှ ပထမရရှိပြီး ဒုတိယဆုကို ရန်ကုန်စီးပွားရေးတက္ကသိုလ်လှေလှော်အသင်းကလည်းကောင်း၊ တတိယဆုကို ရန်ကုန်ပညာရေးတက္ကသိုလ်လှေလှော်အသင်း(က) ကလည်းကောင်း ရရှိခဲ့သည်။

နှစ်ယောက်လှော်(ကျား)တွင် ရန်ကုန်ပညာရေးတက္ကသိုလ် လှေလှော်အသင်း(ခ)မှ ပထမရရှိပြီး ဒုတိယဆုကို ရန်ကုန်ပညာရေးတက္ကသိုလ်လှေလှော်အသင်း (က)၊ တတိယဆုကို ရန်ကုန်စီးပွားရေး တက္ကသိုလ်(က) အသင်းကလည်းကောင်းရရှိခဲ့သည်။ **(သန့်ဇင်ဝင်း)**

# ညောင်ရွှေ၌ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည်

**ညောင်ရွှေ မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာအုပ်စုတွင် ဆောင်ရွက်မည့် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းအတွက် ကုလသမဂ္ဂလူဦးရေဆိုင်ရာလုပ်ရှားမှု ရန်ပုံငွေအဖွဲ့(UNFPA)နှင့် မြို့နယ် သန်းခေါင်စာရင်းကော်မတီတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ညောင်ရွှေမြို့လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဝင်းတင်နှင့် ကော်မတီဝင်များက ရှင်းလင်းဆွေးနွေးတင်ပြပြီး UNFPA မှ Mr. Yanming Lin က သန်းခေါင်စာရင်းကောက်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန် (ညောင်ရွှေ)**



# မုန်လာဥစိုက်ပျိုးသူများ၏ ဈေးကွက်သို့ အဝင်များ

**ရန်ကုန် မတ် ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများနှင့် မှော်ဘီမြို့နယ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများတွင် ဟင်းသီးဟင်းရွက်များကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိရာ ယခုရက်ပိုင်းအတွင်း မုန်လာစိုက်ခင်းများမှ မုန်လာဥများ လှိုင်လှိုင်ထွက်နေသဖြင့် လှိုင်မြို့နယ် သီရိမင်္ဂလာဈေးကြီးသို့လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် တညင်းကုန်းဈေးနှင့် သီရိရတနာဈေးသစ်ကြီးများသို့ တင်ပို့ရောင်းဝယ်လျက်ရှိကြသည်။ **(ဓါတ်ပုံ)**

"မုန်လာက ရာသီမရွေးစိုက်ပျိုးလို့ ရတဲ့အပင်ပါ။ မိုးများတဲ့လဆိုရင်တော့ အပင်ဖြစ်ထွန်းမှု အားနည်းပါတယ်။ မုန်လာက စတင်စိုက်ပျိုးတဲ့နေ့ကစပြီး ၄၅ ရက်ကြာရင် ခူးဆွတ်လို့ရပြီလေ။ တစ်နည်းအားဖြင့်တော့ ဈေးကွက်ကို ပို့လို့ရပြီပေါ့"ဟု မှော်ဘီမြို့နယ် ရေကျော်ကျေးရွာမှ မုန်လာခြံစိုက်ခင်းပိုင်ရှင်က ပြောသည်။

ယခုနှစ်တွင် မုန်လာစိုက်ပျိုးသူများသဖြင့် ဈေးကွက်သို့ မုန်လာဥ အဝင်များပြီး ယမန်နှစ်က ပေါက်ဈေးထက် ဈေးနှုန်းလျော့နည်းကျဆင်းသွားသည်။ ယမန်နှစ်က မုန်လာဥတစ်စည်းလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် မုန်လာဥတစ်စည်းလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့်သာ ရောင်းဝယ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ **(မောင်သုည)**






# တက်ညီလက်ညီ ဆီးဂိမ်းဆီ ဆိုသည်မှာ

**ချစ် ဆွေ မြင့်**

27th SEA Games အတွက် ကျွန်တော်တို့ ဘာတွေပြင်ဆင်နေကြပြီး ဘာတွေလုပ်နေပါသနည်း။ Transparncy ကို ပွင့်လင်းထင်သာ မြင်သာမှုဟု မြန်မာလို သုံးနှုန်းပြီးနောက် Government Institution က ဆောင်ရွက်နေသည်များကို အသေးစိတ်မှအစ အတွင်းရေး (Cofidential) ပင်မချန် အားလုံးသိလိုလာကြသည်ဟု ခံစားမိလာပါသည်။

ပြောပြရှင်းလင်းပြသည့်အခါ မိမိအမြင်နှင့် မကိုက်ညီမှုအတွက် အမှားဟုစွပ်စွဲလိုက်ပြန်ပါသည်။ ဥပမာဆိုပါတော့ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ မျှော်မှန်းချက်တွင် လာမည့် 27th SEA Games ၌ ရွှေ ၁၀၀ ခု မျှော်မှန်းသည်ဆိုသည့်အခါ "ဟုတ်တာလည်း မဟုတ်ဘဲနဲ့" ဟု သရော်မည့်အစား ဘယ်နေရာတွေကတော့ ရနိုင်ကောင်းရဲ့၊ ဘယ်အားကစားနည်းကို အထူးမြှင့်တင်ပေးသင့်ပါတယ် ဆိုတာမျိုးဆိုလျှင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ(MOC)က ပူးပေါင်းအားပေးမှုအတွက် ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ပြင်သင့်တာပြင်ပြီး ပြောင်းလဲဆောင်ရွက်သင့်တာ ဆောင်ရွက်လိမ့်မည်ထင်ပါသည်။

27th ဆီးဂိမ်းတွင် အားကစားဘယ်နှမျိုးပြိုင်မည်ဆိုတာ SEAGF ကောင်စီ အစည်းအဝေးက အတည်ပြုပြီး ဖြစ်ပါသည်။ လာမည့် (၆)လအကြာတွင် အစည်းအဝေး နောက်တစ်ကြိမ်ကျင်းပပြီးသည့်အခါ နိုင်ငံလိုက်ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားအရေအတွက် အတည်ပြုနိုင်ပြီဖြစ်သည်။ အချို့အားကစားပြိုင်ပွဲများတွင် လိုအပ်သောဝိတ်တန်းအလိုက် သတ်မှတ်ချက်ကိုဖော်ပြပေးပြီး ဘယ်နှဦးယှဉ်ပြိုင်ရမည်ဆိုတာလည်း အတည်ပြုကြရတော့မည်ဖြစ်သည်။ By Name ဘယ်သူတွေကစားမည်ဆိုတာတော့ နောက်ဆုံးပေးရမည့်အချိန်ကို သတ်မှတ်ရဦးမည်။ ကျွန်တော်တို့၏ အားကစား Theme (၂၇)ကြိမ်မြောက် ဆီးဂိမ်း၏ အနှစ်ဆောင်ပုဒ်သည် Green, Clean & Friendship ဖြစ်ရာ မျှတစွာ ထုတ်ပြန်ပေးရဦးမည်။ အချို့သောနိုင်ငံ အိုလံပစ်ကော်မတီများသည် မိမိတို့နိုင်ငံက အားနည်းသော အားကစားမျိုး ကစားနည်းများကို မထည့်သွင်းဘဲထားမှာတွက်မိ၍ ထင်ပါသည်။ ကမ္ဘာ့အိုလံပစ်ကော်မတီက တစ်ဦးချင်းသာ ကိုယ့်စွမ်းရည်ကိုပြ၍ ယှဉ်ပြိုင်ရသော ပြေးခုန်ပစ်နှင့် ရေကူးပြိုင်ပွဲများကို ပြိုင်ပွဲတွင် မထည့်မနေရ သတ်မှတ်ထားခြင်းဖြစ်နိုင်သည်။ ယင်းသို့ဆိုသည်နှင့် အားလုံးသဘောတူမှုဆိုသည်မျိုး ဖြစ်မလာတော့ဘဲ ပြိုင်ကြရတော့မည်သာဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသား လူငယ်လူရွယ်များ၊ Stake holders များ၊ အနာဂတ်တွင် တာဝန်ယူလိုသူများသည် အချိန်နောက်ကျနေပြီဆိုတာမရှိသော အားကစားအတွက် စိတ်ဝင်တစားကိုယ်တိုင်ကစား၊ အားပေး၊ အကူအညီပေး မှုဝါဒရေးဆွဲထား၊ လုပ်ငန်းစဉ်ချမှတ်၊ အကောင်အထည်ဖော်ဖြစ်သင့်ပြီဆိုတာ ထင်သာမြင်သာရှိလာပါသည်။ အားကစားသမားများရှိမှသာ အားကစားနိုင်ဖို့အခြေခံဖြစ်သည်ကို ထောက်ပြသင့်ပါသည်။ နည်းစနစ်၊ နည်းပညာပိုင်းတွင် အဆင့်မြင့်၊ အဆင့်မီစံချိန်တန်းဝင်ဖြစ်အောင် ကူညီရှာဖွေပေးသင့်ပါသည်။ ပြောရလွယ်သော နည်းဗျူဟာပိုင်း၊ နည်းမဟာဗျူဟာပိုင်းများကို ဝေဖန်ပေးခြင်းသည် မမြဲသော လုပ်ငန်းစဉ်သာ ဖြစ်ပါသည်။ ဦးဆောင်တစ်ယောက်ပြောင်းသည်နှင့် မဟာဗျူဟာနှင့် နည်းဗျူဟာ ပြောင်းလဲကျင့်သုံးတတ်သည်ကို သည်လိုမလုပ်ရဟူ၍ ဥပဒေ သတ်မှတ်ထား၍ မရပါ။ မဟာဗျူဟာသည် ရေရှည်အောင်ပွဲခံရေးနှင့် နည်းဗျူဟာသည် တိုက်ပွဲအောင်နိုင်ရေး ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တစ်ချိန်က Federation ဥက္ကဋ္ဌများကို အစိုးရဌာန အဆင့်မြင့်အရာရှိကြီးများက တာဝန်ခံရပြီး အစိုးရဘဏ္ဍာငွေကို အခြေခံကြပါသည်။ ၂၀၀၀ ပြည့်နှစ်ကျော်ကာလတွင် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန်များကို စေတနာရှင်ပုဂ္ဂလိက လုပ်ငန်းရှင်များအား အပ်နှင်းခဲ့ပါသည်။ ကုန်ကျငွေကို ထက်ဝက်မျှ၍ ကျခံရန် မျှော်မှန်းသော်လည်း နီးနီးစပ်စပ်တာဝန်ခံဆောင်ရွက်သော ပုဂ္ဂလိကလုပ်ငန်းရှင်က ငွေကြေးပိုမိုကုန်ကျသည်ကို တွေ့နိုင်ပါသည်။ အားကစားသမားများသော လေ့လော့်အားကစားနည်းဆိုလျှင် လေ့လော့်အားကစားသမား တစ်ရာကျော်ကို စုစည်းကာ တစ်နှစ်ပတ်လုံး လေ့ကျင့်နေရပါသည်။ သို့မှလည်း ဆုတံဆိပ်များကို ရည်မှန်းနိုင်ပါသည်။

အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းလျှင်၊ ငွေသုံးနိုင်လျှင် နိုင်ပါတယ်ဆိုသော စကားအတွက် ကျွန်တော်တို့ စိတ်ကူးယဉ်ခဲ့ကြသော်လည်း မလေးရှား၌ကျင်းပသော ၂၀၀၁ ခုနှစ် (၂၁)ကြိမ်မြောက် ဆီးဂိမ်း၏အောင်မြင်မှု ရွှေအရေအတွက်ကို ယနေ့ထိမရနိုင်သေးပါ။ ယင်းမျှော်မှန်းချက်အတွက် ထောက်ပြနိုင်ချက်များ များစွာရှိနိုင်ပါသည်။ ကိုယ့်မြန်မာနိုင်စေချင်လို့ ထောက်ပြတာဖြစ်စေလိုပါသည်။

မည်သို့ဆိုစေ အားကစားသမားများရှားပါးနေပြီး စွမ်းရည်ထက်မြက် မြင့်တက်လာမှုမရှိခြင်းအတွက် လက်တလော ငွေကြေးဖြင့် လည်းကောင်း၊ နည်းဗျူဟာဖြင့် လည်းကောင်း ကုစားခြင်းသည် ရေရှည်အတွက် မခိုင်မာသေးဟု ဆိုချင်ပါသည်။

ကျောင်းတွင်း ပြိုင်ပွဲများလုပ်ရမည်။ ကျောင်းအလိုက်ပြိုင်ပွဲများလုပ်ရမည်။ တက္ကသိုလ်ပြိုင်ပွဲများလုပ်ရမည်။ ဉာဏ်ရှိသောအားကစားသမား ရှာဖွေစုစည်းလေ့ကျင့်ရမည်။ အားကစားအကယ်ဒမီများရှိရမည်။ ရေရှည်မွေးမြူလေ့ကျင့်ရမည်။ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံရမည်။ ပုဂ္ဂလိက ကလပ်အသင်းများရှိရမည်။ ကလပ်အသင်းပြိုင်ပွဲများ လုပ်ရမည်။ ငွေကြေးထိုက်တန်အောင် ချီးမြှင့်ပေးရမည် စသည်ဖြင့် မဟာဗျူဟာရော နည်းဗျူဟာတွေပါ ဆွေးနွေးကြပါသည်။ အကြောင်းပြချက်များတွင် အားကစားသမားမိသားစု ဆင်းရဲလို့၊ အာဟာရမပြည့်လို့၊ မျိုးဆက်နှစ်ခုစာ အာဟာရချို့တဲ့လို့၊ ကလေးများ ကစားစရာကွင်းမရှိလို့ ဆိုသော လူမှုပြဿနာများလည်း ပါသည်။ ပင်ကိုအရည်အသွေးနှင့် ခန္ဓာဖွဲ့စည်းမှုအဆင့်မမီပါက အားကစားဝါသနာ ဘယ်လောက်ပါပါ ဆွဲတင်၍မရနိုင်သည်ကိုလည်း ဆွေးနွေးသင့်ပါသည်။

မြန်မာတို့၏ အမျိုးသားအားကစားသည် ဘောလုံးဟု ကျွန်တော်တို့ ကြွေးကြော်ခဲ့သည်မှာ ရာစုနှစ်ဝက်ရှိတော့မည်။ နှစ် ၄၀ ကျော်လာပြီ။ SEA Games ၌ ရွှေမရခဲ့ဖူးသည်မှာလည်း အနှစ် (၄၀)ကျော်ပြီထင်သည်။ မြန်မာဘောလုံးသမားတွေ တော်ကြသည်။ လူရွေးချယ်အသုံးချမှုမှားသည်ဟုစနစ်ကို ပြောခဲ့တာလည်း ယနေ့အားအရှိဆုံး ခေတ်အထိဖြစ်သည်။ ဘယ်လိုဖြစ်နေသနည်း။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းအတွက် ပွဲစဉ်တွေ၊ နေရာတွေစဉ်းစားရင်း "ဘောလုံး အုပ်စုတက်ခဲ့သော်"၊ "ဘောလုံးရွှေဆုများရလိုက်လျှင်" ဆိုသည်မှာ မျှော်မှန်းမိကြတာအမှန်ပင်ဖြစ်ပါသည်။ တစ်ပွဲပြီးတစ်ပွဲ အနိုင်နှင့်ဝေးလာသော လက်ရွေးစဉ်ဘောလုံးသူရဲကောင်းများ ပိုမိုအစွမ်းထက်လာအောင် တွန်းတင်ပြီး ရသင့်တာအပိုင်ရအောင် စီမံပေးကြပါဟု ပြောလိုပါသည်။ ကျွန်တော်တို့ပြီးလျှင် ၂၀၁၅ ဆီးဂိမ်းကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်။ စင်ကာပူနိုင်ငံသည် 28th SEA Games ပြင်ဆင်မှုအဖြစ် ပြီးခဲ့သော Suzuki ဖလား ဘောလုံးပြိုင်ပွဲတွင် မလေးရှားနှင့် ထိုင်းအသင်းများကို အနိုင်ကစားပြလိုက်သည်။ ပြင်ဆင်မှုပြယုဂ်ဆိုတာ ဤကဲ့သို့ ယှဉ်ပြိုင်ဘက်အံ့သြသွားအောင် လုပ်ချပြလိုက်ရသည်ဟု ကျွန်တော်တို့ကို ပညာပေးသလိုလို။ ရေကူး၊ စားပွဲတင်တင်းနစ်၊ ရွက်လှေအပြည်ပြည်ဆိုင်ရာ လေ့တို့တွင် ကျွမ်းကျင်ပိုင်နိုင်သော စင်ကာပူသည် သူအိမ်ရှင်ဖြစ်သည့်အခါ ဘောလုံးမှလည်း 'ရွှေ' ရအောင်လုပ်ပြဦးမည်ထင်သည်။

အကယ်၍ 27th SEA Games ကြီးတွင် အိမ်ရှင်မြန်မာနှင့် အိမ်ရှင်ဆက်ခံမည့် စင်ကာပူဘောလုံးအသင်းတို့ ဖိုင်နယ်၌ တွေ့ကြသော်၊ ယှဉ်ပြိုင်ကစားကြရသော် . . . . . . . . ?။ ပြိုင်ပွဲကျင်းပမည့် ဇေယျာသီရိ ဘောလုံးကွင်းသည် ပရိသတ် သုံးသောင်းဆံ့ပါသည်။

သည်လိုတွေးပြီး 'ရွှေ' ရသင့်သောဘောလုံးကို စွမ်းအားဖြည့်အားပေးလိုက်ကြရအောင်ပါ။ ရွှေများရနိုင်သည်ဆိုသော အတိုက် (လက်ဝှေ့၊ ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ ပန်ကြပ်ဆီလတ်၊ ထန်ထရာဂျပ် (သိုင်း)၊ မွေထိုင်း၊ ဝူရှူး) ကစားနည်းများကို ရသလောက်ယူပေးဖို့ တောင်းခံရအောင်ပါ။ လုံးဝမရနိုင်သော ကစားနည်းများကိုလည်း အောင်မြင်သူကိုအပြုံးနှင့် လက်ဆွဲဂုဏ်ပြုလိုက်ရအောင်ပါ။ မလွှဲသာ၍ တင်းနစ်ကို ဖြုတ်လိုက်ရသော်လည်း Green, Clean & Friendship ဆိုသော ရည်ရွယ်ချက်အနှစ်ကို အကောင်အထည်ဖော်ပြကြရအောင်ပါဟု မေတ္တာရပ်ခံလိုက်ပါသည်။ ။

## အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသ မိုးထစ်ချုန်း

**နေပြည်တော် မတ် ၅**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ဆင်ဖြူကျွန်းမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့ကရိတ်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မြောင်းမြမြို့တွင် သုည ဒသမ ၉၈ လက်မ၊ ရေးမြို့နှင့် မုဒုံမြို့တို့တွင် သုည ဒသမ ၇၉ လက်မစီ၊ ခရမ်းမြို့တွင် သုည ဒသမ ၇၁ လက်မတို့ ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

## နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် ရေတင်ကာ ဗိသုနိုးမြို့ဟောင်း၌ ရာသီပေါ်သီးနှံမျိုးစုံ စိုက်ပျိုးမည်

**တောင်တွင်းကြီး မတ် ၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဗိသနိုးမြို့ဟောင်း တောင်ဘက်ဂျုတ်ကုန်းကျေးရွာအနီး ရန်ပယ်ချောင်းဘေးအနီး တည်ဆောက်လျက်ရှိသည့် သဘာဝအရင်းအမြစ်ဖြစ်သော မြေအောက်ရေအားတူးဖော်ပြီး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် ကြီးအောင်းကန်အတွင်း ရေတင်၍ တောင်သူများ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက် နံနက် ၈ နာရီက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများ ရောက်ရှိ၍ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒေသခံတောင်သူများ၏ တင်ပြတောင်းဆိုချက်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ယခုလို နေရောင်ခြည်သုံးဆိုလာပြားများဖြင့် မြေအောက်ရေ သုံးစွဲနိုင်ခြင်းကြောင့် စက်သုံးဆီကုန်ကျစရိတ်လုံးဝမရှိဘဲ တစ်နာရီရေဂါလန်ခြောက်ထောင်မှ ကိုးထောင်အထိ ထုတ်လုပ် သုံးစွဲနိုင်ခြင်းကြောင့် တောင်သူများ နှမ်း၊ မိုး၊ ဆောင်း သီးနှံမျိုးစုံ စိုက်ပျိုးနိုင်ခြင်း၊ မိုးခေါင်ရေရှားဒေသဖြစ်သော်လည်း ဗိသနိုးဒေသ စိမ်းလန်းစိုပြည်ခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာ ရရှိခြင်း၊ ကျေးရွာမီးလင်းခြင်းစသည့် ကျေးဇူးများ ခံစားနေရပြီဖြစ်ကြောင်း ဂျုတ်ကုန်းကျေးရွာမှ ဒေသခံတစ်ဦး၏ပြောကြား ချက်အရ သိရသည်။ **(၅၈၀)**






## လွှတ်တော်ရေးရာကဏ္ဍ

**❒ပြည်ထောင်စုလွှတ်တော်မှ**

ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရန် စတင်ပြောင်းလဲလာချိန်တွင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အကူအညီပံ့ပိုးပေးနိုင်မည့် အဖွဲ့အစည်းများ၊ နိုင်ငံများသည် မိမိတို့နိုင်ငံသို့ လာရောက်ကြကြောင်း၊ ယင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် နေပြည်တော် သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးပြီး ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သတိထားရမည့်ကိစ္စမှာ အခွင့်အရေးအနေဖြင့် လာပေးမည့် အကူအညီပေးသောနိုင်ငံများ၊ အဖွဲ့အစည်းများအပေါ် တရားလွန် မှီခိုခြင်းမပြုရန် အရေးကြီးပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုသည် အရေးကြီးကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသာမက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကိုပါ ဆိုလိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရန် မိမိတို့တွင် အခြေခံအဆောက်အအုံ လိုအပ်ကြောင်း၊ သို့ဖြစ်၍ New York Convention ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရေးကို အားလုံးထောက်ခံသည့်အတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ New York Convention သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညွန့်တင်က "Convention on the Recognition and Enforcement of Foreign Arbitral Awards, 1958 (New York Convention အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းဖြင့် မြန်မာနိုင်ငံနဲ့ နိုင်ငံခြားသားများအကြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနဲ့ ပတ်သက်ပြီး အငြင်းပွားမှုများ ပေါ်ပေါက်ပါက အထက်ပါ ကွန်ဗင်းရှင်းကို ဝင်မထားလျှင် မိမိနိုင်ငံရှိ နိုင်ငံသားပိုင်ပစ္စည်းများကို နိုင်ငံခြားသားများက ချိပ်ပိတ် သိမ်းဆည်းနိုင်သော်လည်း နိုင်ငံခြားသားပိုင်ပစ္စည်းကို နိုင်ငံခြားတွင် သွားရောက်သိမ်းဆည်းမည်ဆိုပါက ကွန်ဗင်းရှင်းသို့ ဝင်ရောက်ထားခြင်းမရှိလျှင် ဆောင်ရွက်နိုင်ခြင်း မပြုနိုင်ပါဘူး။ သို့ပါ၍ မိမိနိုင်ငံသားများဘက်က များစွာနစ်နာမှာဖြစ်ပါတယ်။ အသင်းဝင်နိုင်ငံများကို လေ့လာကြည့်ပါက (၁၄၆)နိုင်ငံရှိပြီး အများအားဖြင့် မြန်မာနိုင်ငံနဲ့ စီးပွားရေးဆက်သွယ်မှုရှိသောနိုင်ငံများ ဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းကွန်ဗင်းရှင်းဝင်ထားပါက ရင်းနှီးမြှုပ်နှံသူများနှင့် မြန်မာနိုင်ငံသားများ အငြင်းပွားမှုဖြစ်ပွားပါက မြန်မာနိုင်ငံသားများ နစ်နာမှုမရှိစေရန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုလိုတာက မိမိနိုင်ငံသားများအနေနဲ့လည်း လူသားအရင်းအမြစ်ကို မြှင့်တင်ထားရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများက အဆင့်မြင့်သော မန်နေဂျာများ၊ စာရင်းကိုင်များများစွာ မွေးမြူဖြည့်ဆည်းထားရမှာဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်များကို ပညာတတ်များဖြစ်အောင် အင်္ဂလိပ်စာကို ပိုမိုတတ်မြောက်အောင် MBA, LCCI, Accountants များများစွာမွေးထုတ်ထားရန် လိုအပ်ပါတယ်"ဟု ပြောပြသည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက ရှင်းလင်းတင်ပြပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များအပေါ် ဥပဒေကြမ်း ပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ရှင်းလင်းတင်ပြကာ အစည်းအဝေးကို ရပ်နားလိုက်သည်။

**(သတင်းစဉ်)**



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးအောင်ထွန်း။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညွန့်တင်။

## အနုညာတဥပဒေ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၅**

လွှတ်တော်အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်အရ Seminar on International Arbitration (အနုညာတ)ဥပဒေ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရုံးအမှတ်(၂၀) လွှတ်တော်ရုံး၌ ကျင်းပပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း က အဖွင့်အမှာစကားပြောကြားသည်။ **(ဓာတ်ပုံ)**

ထို့နောက် လွှတ်တော်အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကြီးကြပ်မှုအဖွဲ့က နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

နှီးနှောဖလှယ်ပွဲတွင် အနုညာတ ဥပဒေဆိုင်ရာ ကျွမ်းကျင်သူ Mr. Christopher Lau, Mr. Robert San Pe နှင့် U Min Naing Oo တို့က ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။ နှီးနှောဖလှယ်ပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ လွှတ်တော်အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကြီးကြပ်မှုအဖွဲ့မှ တာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ ဝန်ထမ်းများ တက်ရောက်ကြပြီး မတ် ၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## လွှတ်တော်များ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မတ် ၅**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ Country Director, Mr. Toily Kurbanov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လွှတ်တော်များ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



## ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် လူငယ်နည်းပညာနှီးနှောဖလှယ်ပွဲ

**နေပြည်တော် မတ် ၅**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၃ ရက် နံနက် ၈ နာရီခွဲတွင် ပုသိမ်မြို့ ဆရာဝန်များအသင်းခန်းမ၌ကျင်းပသည့် လူမှုစီးပွား အပြန်အလှန်အကျိုးသက်ရောက်မှုဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ဆရာလင်းသိုက်ညွန့်(မြန်မာမြေ) ပေးအပ်လှူဒါန်းသည့် ကိုယ်တိုင်ရေးစာအုပ်များကို လက်ခံသည်။

လူငယ်နည်းပညာနှီးနှောဖလှယ်ပွဲ Barcamp Pathein 2013 ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားဖွင့်ပွဲ အထိမ်းအမှတ် အလင်းမီးအိမ်ထွန်းညှိပေးကာ Lyric Crystals အဖွဲ့နှင့် Barcamp လူငယ်များက Barcamp အဖွင့်သီချင်း သီဆိုခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (ဗဟိုအလုပ်အမှုဆောင်) တိုင်းဒေသကြီး နည်းပညာအဆင့်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ၊ e-Ayeyarwaddy နှင့် Barcamp အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက Barcamp Pathein 2013 ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် Ayeyarwaddy ကိုယ်စားပြု Website များအကြောင်းကို ရှင်းလင်းတင်ပြပြီး ယနေ့ကျင်းပသော အခမ်းအနားကို တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်ပေးသော Myanmar Live TV မှ တာဝန်ခံအား ဂုဏ်ပြုလက်မှတ်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မတ်ပဲသစ်များ ဈေးကွက်ဝင်ရောက်

**ဖြူး မတ် ၅**

တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များတွင် ဖြူးမြို့နယ်သည် မတ်ပဲကို အများဆုံးစိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်ပြီး ကျေးရွာအုပ်စုခြောက်အုပ်စုတို့မှ တောင်သူလယ်သမားများက မတ်ပဲစိုက်ဧက တစ်သိန်းခန့်စိုက်ပျိုးခဲ့ကြသည်။

ယခုနှစ်တွင် ဒီဇင်ဘာလအတွင်းက အချိန်အခါမဲ့မိုးသုံးကြိမ်ရွာသွန်းခဲ့သဖြင့် မတ်ပဲ စိုက်ခင်းအချို့အနည်းငယ်ပျက်စီးခြင်းရှိခဲ့သော်လည်း ကျန်ရှိသော မတ်ပဲစိုက်ခင်းများမှာ အထူးအောင်မြင်ဖြစ်ထွန်းခဲ့၍ ဖေဖော်ဝါရီနောက်ဆုံးပတ်မှစ၍ နုတ်သိမ်းနေကြပြီဖြစ်ပြီး မတ်ပဲအသစ်များလည်း ဈေးကွက်သို့ဝင်ရောက်လာပြီဖြစ်သည်။ ဈေးကွက်သို့ ဝင်ရောက်လာသော မတ်ပဲသစ်မှာ ပိဿာ ၂၀ ဝင်(တစ်တင်း) ငွေကျပ် တစ်သောင်းငါးထောင်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြသည်။ **(ဖြူးမြင့်ဦး)**


### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းစက္ကူများကို အောက်ဖော်ပြပါအတိုင်းဝယ်ယူလိုပါသည်-

(က) Art Card (250 gsm) 23½" x33" (A1)(500 Shts /Pkt) — 3350 Ream

(ခ) Art Card (250 gsm) 31"x43" (500 Shts/Pkt) — 1050 Ream

(ဂ) Woodfree Paper 30"(80 gsm) Reel — 450 Ton

(ဃ) Duplex Board(Foreign) 32"x46"(180 gsm) (100 Shts/Pkt) — 600 Ream

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၃-၂၀၁၃ ရက်မှ ၁၅-၃-၂၀၁၃ ရက်နေ့အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၃ ရက်နေ့ ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄
၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း၊ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇



### ပြန်ကြားရေးဝန်ကြီးဌာန
### ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
### သပိတ်ကျင်းမြို့နယ်ရုံးပြန်လည်ပြုပြင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သပိတ်ကျင်းမြို့နယ်ရုံးတွင် အောက်ဖော်ပြပါ ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးအပေါ်ထပ် မျက်နှာကြက်ကျောက်ပြားများ၊ ကျောက်တန်းများ ပြိုကျပျက်စီးခြင်း
(ခ) ရုံးခန်းနံရံများ ပျက်စီးခြင်း
(ဂ) ရုံးခြံဝင်းပတ်လည် အုတ်စည်းရိုး ပြိုကျပျက်စီးခြင်း
(ဃ) ရေနှင့် လျှပ်စစ်မီးလိုင်းများ ပျက်စီးခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၃-၂၀၁၃ ရက်နေ့မှ ၁၂-၃-၂၀၁၃ရက်နေ့အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၃-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ ပြုပြင်ရမည့်လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက ရုံးတည်ရှိရာ သပိတ်ကျင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉

# ရွှေလီ-ကျောက်ဖြူ စကြံ်လမ်း ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူအဖွဲ့တို့၏ ရွှေလီ-ကျောက်ဖြူ စကြံ်လမ်း ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန နိုင်ငံတကာဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Rei Weimin က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ပို့ဆောင်ရေးစီမံကိန်းနှင့် သုတေသနတက္ကသိုလ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Guan Changyu အဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူတို့က ရွှေလီ-ကျောက်ဖြူစကြံ်လမ်း ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရွှေလီ-ကျောက်ဖြူစကြံ်လမ်း ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**




## ❖ ဝိုင်းဝန်းကာကွယ်မှ

အင်းကျား(ခေါ်) သစ်တက်ကျား (Clouded Leopard -Neofelis nebulosa မိုးတိမ်များကဲ့သို့ အကွက်အကွက်များရှိနေသော ကြောင်ရိုင်းမျိုးနွယ်) တစ်မျိုးပင်ဖြစ်ပါသည်။ ထိုအင်းကျားတွင် အလွန်တရာမှပင်လှပသော သားမွေးကွက်များရှိပြီး ကြောင်ရိုင်းမျိုးနွယ်စု၌ သစ်ပင်တက် အကျွမ်းကျင်ဆုံးသော ကြောင်မျိုးဖြစ်ကြောင်း လက်ခံထားရှိကြပါသည်။ ထို့ပြင် သစ်ပင်မှ ဇောက်ထိုးအနေအထားဖြင့် ဆင်းနိုင်သည့်အပြင် သစ်ကိုင်းမှတွဲလွဲခိုအနေအထားဖြင့် သားကောင်အား ချောင်းမြောင်းစောင့်ဖမ်းတိုက်ခိုက်နိုင်စွမ်းရှိပါသည်။

ယခုမျက်မှောက်ခေတ်ကာလ၌ နိုင်ငံတကာတွင် တောရိုင်းတိရစ္ဆာန်များကို စီးပွားဖြစ်မှောင်ခိုရောင်းဝယ်သူတို့ကြောင့် အထက်ဖော်ပြပါ အင်းကျားတို့သည်လည်း တစ်စတစ်စကောင်ရေများ နည်းပါးလာခဲ့ရပါသည်။ ၎င်းတို့၏သားမွေး(အရေခွံ)၊ လက်သည်းခြေသည်းများ၊ အစွယ်များသည် လူသားတို့၏ အဝတ်အစားများနှင့် အလှဆင်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် ဝယ်လိုအားကြီးမားသော ဈေးကွက်ကောင်းတစ်ခုဖြစ်လာခဲ့ပြီး တစ်ဖန် ထိုအင်းကျား၏ အရိုးနှင့်အသားများသည်လည်း အာရှရိုးရာတိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် ယခုအခါ ရရှိရန်ခက်ခဲပြီး မရှိမဖြစ် လိုအပ်သော ကျားများ၏ အရိုးနှင့်အသားများအစား အင်းကျားများကို အစားထိုးထည့်သွင်း အသုံးချလာခြင်းကပင် အင်းကျားမျိုးနွယ်စုတို့၏ဘဝ ဆက်လက်ရှင်သန်ရပ်တည်မှုကို စိန်ခေါ်မှုကြီးတစ်ခု ဖြစ်လာစေခဲ့ပါသည်။

ဤနေရာတွင် ဆက်လက်တင်ပြလိုသည်မှာ မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်နေသော နိုင်ငံနှစ်ခု၏ နယ်စပ်စခန်းနေရာသုံးခုတွင် ၁၉၉၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း တွေ့ရှိခဲ့ရသော အင်းကျားအရေခွံနှင့် အရိုးစုစုပေါင်း ၃၀၁ ခုကို လေ့လာဆန်းစစ်ခဲ့ရာ ထိုအရေခွံနှင့်အရိုးများအတွက် အင်းကျားကောင်ရေ စုစုပေါင်း ၂၇၉ ကောင်တိတိ သတ်ဖြတ်ခံခဲ့ရကြောင်း စစ်တမ်းတစ်ခုတွင် ဝမ်းနည်းဖွယ်ရာဖတ်ရှုခဲ့ရသည့်အပြင် ထိုစစ်တမ်းတွင် တစ်ဆက်တည်းဖော်ပြထားသည်မှာ အင်းကျားနှင့်ပတ်သက်၍ နိုင်ငံတကာ ဝယ်လက်များလည်း ပိုမိုများပြားလာကြောင်းနှင့် အင်းကျားများ ကမ္ဘာပေါ်တွင် ဆက်လက်တည်ရှိရေးအတွက် စိုးရိမ်ထိတ်လန့်ဖွယ်ရာ အခြေအနေများပင်ဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အင်းကျားနှင့်ပတ်သက်၍ ယခင်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့စွဲဖြင့် ထုတ်ပြန်သောအမိန့်ကြော်ငြာစာအမှတ် ၅၈၃/၉၄ အရ အထက်ပါအင်းကျားကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ (နို့တိုက်သတ္တဝါများ) စာရင်းတွင် အမှတ်စဉ် (၁၁)နေရာ၌ တိကျစွာ ပြဋ္ဌာန်းထားရှိခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ထိုဥပဒေ၏အခန်း (၁၁)တွင် ဆက်လက်ဖော်ပြထားသည်မှာ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲသတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကို ဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း စသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်ခုနစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ၅၀၀၀၀ အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု အတိအလင်းဖော်ပြထားပြီး ဖြစ်ပါသည်။

ဤနေရာတွင် အင်းကျား (ခေါ်) သစ်တက်ကျားတို့၏ သဘာဝကို အနည်းငယ်ဖော်ပြလိုပါသည်။ ၎င်းတို့ကို အရှေ့တောင်အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံတို့တွင် တွေ့ရှိရပြီး ထိုင်ဝမ်နိုင်ငံတွင်မူ မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီး ဖြစ်ပါသည်။ အင်းကျားတို့သည် လပေါင်း ၂၆ လကြာလျှင် အရွယ်ရောက်ကြပြီးလျှင် ဖီးဆောင်ကာလမှာ ရက်ပေါင်း ၁၀၀ နီးပါးကြာမြင့်ပါသည်။ သားတစ်ကြိမ်ပေါက်လျှင် တစ်ကောင်မှ ငါးကောင်အထိ ပေါက်တတ်သော်လည်း အများအားဖြင့် သုံးကောင်ခန့်ပေါက်လေ့ရှိကြသည်။ အကောင်ပေါက်များကို သုံးလခန့်အကြာတွင် နို့ခွဲပြီး ခြောက်လအကြာတွင် အင်းကျားအကောင်ပေါက်များသည် အရွယ်ရောက်အင်းကျားတို့၏ သားမွေးကွက်များကဲ့သို့ ပြီးပြည့်စုံစွာ ဖြစ်ပေါ်လာသည်။

အသက် (၁၀)လရောက်လျှင် မိခင်မှခွဲထွက်၍ တစ်ကောင်တည်း ရပ်တည်လေ့ရှိကြသည်။ အထီးများသည် တစ်ကောင်တည်းသာ သွားလာလေ့ရှိကြပြီး မိတ်လိုက်ချိန်ရောက်မှသာ အမများနှင့်တွဲဖက်၍ မိတ်လိုက်ပြီးလျှင် အမနှင့်အတူ အစာရှာဖွေတတ်ကြသည်။ အင်းကျားသည် သစ်ပင်ထိပ်ဖျားတွင် အကိုင်းအခက်များဖြင့် အသိုက်ဆောက်လေ့ရှိပြီး တစ်ခါတစ်ရံ သစ်ခေါင်းပေါက်များကိုလည်း အသိုက်အနေဖြင့် အသုံးပြုလေ့ရှိသည်။ အင်းကျားမတို့၏ သားတောင်းသော (အထီးကိုလက်ခံသော) အချိန်ကာလမှာ တစ်လလျှင် တစ်ကြိမ်ဖြစ်သဖြင့် တစ်နှစ်ပတ်လုံး မိတ်လိုက်ကြပြီး တစ်နှစ်လျှင်တစ်သား ဖီးဆောင်နိုင်စွမ်းရှိကြသည်။

တစ်ဖန် ၎င်းတို့၏ စားသောက်ပုံအလေ့အထကို လေ့လာကြည့်မည်ဆိုလျှင် ငှက်များ၊ မျောက်များ၊ သမင်များ၊ ဆိတ်များ၊ တောဝက်များမှာ ၎င်းတို့၏ သားကောင်များဖြစ်ကြပြီးလျှင် သားကောင်ကို ပုန်းလျှိုး၊ ကွယ်လျှိုးချောင်းမြောင်း၍လိုက်ကာ ခုန်အုပ်တိုက်ခိုက်ပြီး လည်မျိုကို ကိုက်ခဲ၍ ထိုသားကောင်၏ အသက်ရှူလမ်းကြောင်းပိတ်ဆို့ (Suffocation) သွားသည်အထိ ကိုက်ခဲထားကာ ဖမ်းယူလေ့ရှိသည်။ တစ်ခါတစ်ရံ မြွေများကိုပင် ဖမ်းယူစားသောက်လေ့ရှိကြသည်။ အင်းကျားများတွင် ထူးခြားမှုများအနေဖြင့် ၎င်းကို အခြားကြောင်ရိုင်းကြီးများနှင့် ခန္ဓာကိုယ်အရွယ်အစားအရ နှိုင်းယှဉ်လျှင် အင်းကျား၏ အစွယ်သွားများမှာ အခြားကြောင်ရိုင်းကြီးများထက် အလွန်ပင်ရှည်လျားကြောင်း တွေ့ရမည်ဖြစ်ပေသည်။ အခြားထူးခြားချက်တစ်ချက်မှာ အင်းကျားများ၏ ခြေချင်းဝတ်သည် အလွန်ပင်ပျော့ပျောင်းလွန်းပြီး ကြီးမားသောဖဝါးများနှင့် ချွန်ထက်သောလက်သည်းခြေသည်းများရှိသည့်အတွက် သစ်ပင်မှ ဇောက်ထိုးဆင်းနိုင်သည့်အပြင် ခန္ဓာကိုယ်အလျားနီးပါးရှည်လျားသော အမြီး၏ ထောက်ကူမှုကြောင့်လည်း သစ်ကိုင်းမှတွဲလဲစွဲကာ သားကောင်ကို ချောင်းမြောင်းစောင့်ဖမ်းတိုက်ခိုက်နိုင်ခြင်း ဖြစ်ပေသည်။

ဆက်လက်၍ အထက်ဖော်ပြပါ သတင်းစာ၏ အခြားသတင်းတစ်ပုဒ်ကြောင့် ဝမ်းသာပီတိဖြစ်ရပုံကို ဆက်လက်ဖော်ပြလိုပါသေးသည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တို့တွင် အသီးသီးရှိကြသော ဇဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုနှင့် ပညာပေးဌာနသင်တန်းကျောင်းအသီးသီးတွင် "မျိုးစိတ်ခွဲခြားခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း"ဟူသောသတင်းတစ်ပုဒ်ကြောင့် အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်ရခြင်းဖြစ်ပါသည်။ ထိုသင်တန်းမှ ဇီဝမျိုးစုံ၊ မျိုးကွဲများအား မျိုးစိတ်ခွဲခြားခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားစေရေး၊ အာဆီယံဒေသအတွင်း တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုများ လျှော့ချနိုင်ရန်နှင့် CITES ဆိုင်ရာလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန်အတွက် အဆိုပါသင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်း ဝမ်းမြောက်ဖွယ်ရာ သိရပါသည်။

ထို့ပြင် ကြောင်ရိုင်းအမျိုးပေါင်းများစွာရှိသည့်အနက် သစ်ကြောင်ကို ကျားသစ်နှင့်မှားယွင်းခြင်း၊ ကြောင်တံငါကို အခြားကြောင်မျိုးများဖြင့် ရောထွေးတတ်ခြင်း၊ အထူးအလေးပေးကာကွယ်ရမည့် စိုင်၊ ပြောင်၊ တောဆိတ်၊ တောင်ဆိတ်၊ သားမင်း၊ ကတိုးကောင်များကို မြင်ဖူးသူနည်းပါးခြင်း၊ မြွေအမျိုးအစား၌ ဆိုလျှင်လည်း လွယ်ကူစွာ ခွဲခြားနိုင်သော မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား၊ တောကြီးမြွေဟောက်(ခေါ်)ငန်းမြွေ၊ စပါးကြီးနှင့် စပါးအုံးတို့ကိုပင် ခွဲခြားနိုင်စွမ်းရှိသူ နည်းပါးနေသေးခြင်း၊ အတွေ့ရများသော မျောက်မျိုးများ၌ပင် မျောက်စပ်၊ မျောက်တံငါ၊ မျောက်ပုတီးတို့ကို သဲကွဲစွာမသိခြင်း စသည်တို့ကို ယနေ့အခါတွင် တောရိုင်းတိရစ္ဆာန်များနှင့်ပတ်သက် ဆက်စပ်လုပ်ကိုင်နေကြသော ဝန်ထမ်းအချို့တွင်ပင် တွေ့မြင်နေရဆဲဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အင်းကျားများအပါအဝင် တောရိုင်းတိရစ္ဆာန်များသည် တိုင်းပြည်၏ အဖိုးတန်အမွေအနှစ်များဖြစ်ပါသည်။ ယင်းအမွေအနှစ်များကို မျိုးသုဉ်းသွားခြင်းမရှိစေဘဲ နောင်လာနောက်သားများအတွက် ဆက်လက်ထိန်းသိမ်းထားရေးသည် ကျွန်ုပ်တို့အားလုံး၏အရေး၊ ကျွန်ုပ်တို့အားလုံး၏ တာဝန်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။ ။

● **ကျောဖုံးမှ**

အနီရောင်ရှိသော ခရမ်းချဉ်သီးတွင် ကိုယ်ခန္ဓာအတွက် အဓိကအရေးပါသော Lycopene ခေါ် ဒြပ်ပေါင်းများပါဝင်သည်။ ထို့အပြင် ကင်ဆာရောဂါကို တိုက်ဖျက်ခြင်း၊ အခြားဖျားနာခြင်းစသည့် ဖြစ်ပွားမှုများကိုလည်း လျှော့ကျစေသည်။

အားကစားသမားများ ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ပြီးချိန်တွင် ခရမ်းချဉ်သီး ဖျော်ရည်သောက်ခြင်းဖြင့် ဦးနှောက်နှင့် ကြွက်သားများအား ထိခိုက်မှုဖြစ်စေသည့် ဘေးဥပဒ်ဖြစ်နိုင်သောအဆင့်ရှိ အင်ဇိုင်းနှင့် ပရိုတင်းဓာတ်တို့ကို ပုံမှန်အနေအထားသို့ အမြန်ပြန်လည်ရောက်ရှိရန် ကူညီပေးသည်ဟု နောက်ဆုံးလေ့လာချက်က ဆိုသည်။

ခရမ်းချဉ်သီးဖျော်ရည်သည် လူတို့ကို အကျိုးကျေးဇူးများကြောင်းနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သည့် ပရိုတင်းဓာတ်လွန်ကဲသောသူများအတွက်လည်း ယင်းဖျော်ရည်ကိုသောက်သုံးခြင်းဖြင့် နှစ်လအတွင်း အကျိုးထူးများရရှိစေနိုင်ကြောင်း သိရသည်။

## ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းနှင့် အကျိုးသက်ရောက်မှုများ

ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများနှင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်မှုကဏ္ဍအသီးသီးအား ပြင်ဆင်ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍအပေါ် အခြေခံသည့်အတွက် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လွန်စွာအရေးကြီးသည်။ ထို့ကြောင့် ကုန်သွယ်မှုဆောင်ရွက်သော ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ ကုန်သွယ်မှုမူဝါဒများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိကြရန် အထူးလိုအပ်သည်။

ကုန်သည်/လုပ်ငန်းရှင်များ လွတ်လပ်စွာ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရေးအတွက် ကုန်စည်အမယ်များစွာအား တင်ပို့/တင်သွင်းခွင့်ပြုထားပြီးဖြစ်သကဲ့သို့ နိုင်ငံတော်၏ (အထူးသဖြင့်)ပြည်သူလူထု၏ လိုအပ်ချက်များအတွက် ကန့်သတ်ထိန်းချုပ်ထားသော ပို့ကုန်/သွင်းကုန်ပစ္စည်းအမယ်အချို့လည်း ရှိနေပါသေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နယ်စပ်ဒေသများမှတစ်ဆင့် တင်ပို့ခွင့်မပြုသော ပစ္စည်းများကို အမိန့်အမှတ် (၁၀/၁၉၉၉)ဖြင့် ကုန်ပစ္စည်း ၃၂ မျိုး သတ်မှတ်ထုတ်ပြန်ကြေညာထားခဲ့ရာမှ ယခုအခါ အမိန့်အမှတ်(၁/၂၀၁၁) ဖြင့် ပို့ကုန်ပစ္စည်း ၁၃ မျိုးကိုသာ ပြည်ပသို့တင်ပို့ခွင့်မပြုသော ပစ္စည်းများအဖြစ် ပြင်ဆင်သတ်မှတ်ထားရှိပြီး ဖြစ်သည်။ ယင်းပစ္စည်းများမှာ ပန်းနှမ်းဆီ၊ မုန်ညင်း၊ မုန်ညင်းဆီ၊ နေကြာ၊ နေကြာဆီ၊ ဆီကြိတ်ဖတ်အားလုံး၊ ဝါနှင့် ဝါထွက်ပစ္စည်း(ဝါဂွမ်း၊ ချည်မျှင်)၊ ရွှေ၊ စိန်၊ ရေနံ၊ ဆင်စွယ်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များ၊ ပုစွန်ဖွဲ၊ လက်နက်ခဲယမ်းမီးကျောက်၊ ရှေးဟောင်းပစ္စည်းများဖြစ်သည်။

အလားတူ သွင်းကုန်ပိုင်းတွင်လည်း ယခင်အမိန့်အမှတ်(၉/၁၉၉၉) ဖြင့် ပြည်ပမှ တင်သွင်းခွင့်မပြုသော သွင်းကုန်ပစ္စည်း ၁၅ မျိုး သတ်မှတ်ခဲ့ပြီး ယခုအခါ အမိန့်အမှတ် (၃/၂၀၁၁)ဖြင့် အမယ်ရှစ်မျိုးဖြင့် ပြင်ဆင်သတ်မှတ်ခဲ့သည်။ အမိန့်အမှတ်(၈/၂၀၁၃)ဖြင့် **အရက်၊ ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်ထားသောပစ္စည်းများ**ကိုလည်း သတ်မှတ်ခဲ့ပြီးဖြစ်သည်။ ၎င်းတင်ပို့/တင်သွင်းခွင့်မပြုရန် သတ်မှတ်ထားသော အမယ်များကို ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တရားဝင်ဖြစ်စေ/တရားမဝင်ဖြစ်စေ တင်ပို့/တင်သွင်းခြင်းပြုမိပါက နိုင်ငံတော်မှ ထုတ်ပြန်ထားသော ပို့ကုန်/သွင်းကုန်ဥပဒေ (၂၀၁၂)အခန်း(၄)၊ ပုဒ်မ(၅) (၆) (၇)တို့အရ တည်ဆဲဥပဒေများနှင့်အညီ ထောင်ဒဏ်၊ ငွေဒဏ်များဖြင့် အရေးယူခံရမည်ဖြစ်သည်။ ထို့အပြင် ၎င်းဥပဒေအခန်း(၅)၊ ပုဒ်မ(၁၀) အရ ကိုယ်တိုင်တင်ပို့/တင်သွင်းခြင်း မပြုသော်လည်း အားပေးကူညီသူဖြစ်ပါက ၎င်းဥပဒေပုဒ်မများအတိုင်း အရေးယူခံရမည်ဖြစ်ကြောင်းကို သိရှိထားရန်လိုအပ်ကြောင်း အသိပေးလိုသည်။

ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၁၆၈၊ ၄၀၈၁၆၉၊ ၄၀၈၁၇၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဖလား

**နေပြည်တော် မတ် ၅**

၂၀၁၃ ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား ပြိုင်ပွဲများကို အားကစားလေ့ကျင့်ရေးရုံ(၁)နှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတို့၌ မတ် ၅ ရက်တွင် နပန်းအားကစားပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ အမျိုးသမီး အမြင့်ခုန်၊ အမျိုးသမီး မီတာ ၁၀၀ အပြေး၊ အမျိုးသားလှံတံပစ်၊ အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြေးနှင့် အမျိုးသား မီတာ ၂၀၀၀၀ လမ်းလျှောက် အားကစားပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားနပန်း ၆၆ ကီလိုတန်း ပြိုင်ပွဲတွင် ထွန်းအောင် (ရခိုင်ပြည်နယ်)၊ ဝင်းလှိုင်ထွေး (ကချင်ပြည်နယ်)၊ အောင်ဌေး(ချင်းပြည်နယ်) တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝင်းလှိုင်ထွေး (ကချင်ပြည်နယ်)က ပထမရရှိပြီး ထွန်းအောင်(ရခိုင်ပြည်နယ်)က ဒုတိယဆုနှင့် အောင်ဌေး (ချင်းပြည်နယ်)တို့က တတိယဆုများကို ရရှိခဲ့ကြသည်။ အမျိုးသားနပန်း ၇၄ ကီလိုတန်း ပြိုင်ပွဲတွင် ဇော်မြင့်ထွန်း (ချင်းပြည်နယ်)၊ သန်းနိုင် (ရခိုင်ပြည်နယ်)၊ စောဂါပြဲအဲလ် (တနင်္သာရီတိုင်းဒေသကြီး)၊ အောင်စိုးမိုး(ရန်ကုန်တိုင်းဒေသကြီး)နှင့် ဇော်မြင့်ထွန်း (ချင်းပြည်နယ်) ပြိုင်ပွဲတွင် စောဂါပြဲအဲလ် (တနင်္သာရီတိုင်းဒေသကြီး) က ပထမဆုရရှိပြီး ဇော်မြင့်ထွန်း (ချင်းပြည်နယ်)က ဒုတိယဆုနှင့် အောင်စိုးမိုး (ရန်ကုန်)ကတတိယဆုရရှိသည်။ အမျိုးသားနပန်း ၈၄ ကီလိုတန်းပြိုင်ပွဲတွင် ကျော်ဝင်းဦး (မန္တလေးတိုင်းဒေသကြီး)၊ ရန်လင်းအောင် (ပဲခူးတိုင်းဒေသကြီး)နှင့် ကျော်ဆွေ(ရခိုင်ပြည်နယ်)တို့ ယှဉ်ပြိုင်ကြရာ ကျော်ဝင်းဦး (မန္တလေးတိုင်းဒေသကြီး)က ပထမဆုရရှိခဲ့ပြီး ကျော်ဆွေ (ရခိုင်)က ဒုတိယဆုနှင့် ရန်လင်းအောင် (ပဲခူးတိုင်းဒေသကြီး) က တတိယဆုရရှိသည်။ အမျိုးသားနပန်း ၉၆ ကီလိုတန်းပြိုင်ပွဲတွင် မင်းသိန်းကျော် (ရန်ကုန်တိုင်းဒေသကြီး)၊ ဇော်မိုးအောင်(ပဲခူးတိုင်း

ဒေသကြီး)၊အ...
ပြည်နယ်) ...
ဇော်မိုးအောင်...
က ပထမရရှိ...
(ချင်းပြည်နယ...
မင်းသိန်းကျေ...




ဒေသကြီး)တို့က...
သည်။

အမျိုးသမီး...
ဆက်လက်ယှဉ်...
ကီလိုတန်းပြိုင်...
(ရန်ကုန်)နှင့်...
ဒေသကြီး)၊ ပြ...
နယ်)နှင့်...
ဒေသကြီး)တို့...
ကြူကြူသိန်း(ရ...
က ပထမရရှိ...
က ဒုတိယနှင့်...
ပြည်နယ်)တို့က...
အမျိုးသမီး ၆...
ဝေလွင်အောင်...
အေးအေးအော...
နှင်းနှင်းဌေး(မ...
ပြိုင်ကြရာတွင်...
အောင် (ကရင်...
ရရှိပြီး နှင်းနှ...

## ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ က...

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ကရာတေးဒို... မတ် ၄ ရက်က လယ်ဝေးအားကစား လေ့ကျင့်ရေး... ကုမိတဲ့ခန်းမ၌ ကျင်းပခဲ့သည်။ ကရာတေးဒိုပြ... အမျိုးသား ကိုးသင်း၊ အမျိုးသမီး ၁၀ သင်း၊ ပြိုင်ပွဲဝ... သမားပေါင်း အမျိုးသား အမျိုးသမီး ၉၃ ဦး ဝင်ရောက်... လျက်ရှိရာ စတင်ကျင်းပသည့် ပထမနေ့တွင် ပြိုင်ပွဲအမျိ... ခြောက်မျိုးအတွက် ပွဲစဉ် ၂၃ ပွဲ၊ ကုမိတဲ့ပွဲစဉ် ငါးမျိုး... ခဲ့ကြောင်း သိရသည်။

အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် ချင်းပြ... မိုင်အိုလီဗာယင်းဝါထောင်းလွယ်က ပထမ၊ ကယားပြ... သဇင်အေးက ဒုတိယ၊ ရှမ်းပြည်နယ်မှ ရီနွယ်ထွန်းနှင့်... တိုင်းဒေသကြီးမှ သန္တာရန်အောင်တို့က ပူးတွဲတတိယ... သည်။

အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲတွင် ရန်ကု... ဒေသကြီးမှ မင်းဟိန်းခန့်က ပထမ၊ ရန်ကုန်တိုင်းဒေ... သက်ထွဋ်ဦးက ဒုတိယရပြီး မန္တလေးတိုင်းဒေ... ကျော်ဇင်ဖြိုးနှင့် ဟိန်းလတ်တို့က ပူးတွဲတတိယရရှိကြ...



# ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဆက်လက်ဆင်နွှဲ

အောင်ကျော်ဝင်း
(ကြေးမုံ)

**နေပြည်တော် မတ် ၅**

၂၀၁၃ ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား ပြိုင်ပွဲများကို အားကစားလေ့ကျင့်ရေးရုံ(၁)နှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတို့၌ မတ် ၅ ရက်တွင် နပန်းအားကစားပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ အမျိုးသမီး အမြင့်ခုန်၊ အမျိုးသမီး မီတာ ၁၀၀ အပြေး၊ အမျိုးသားလုံ့တံပစ်၊ အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြေးနှင့် အမျိုးသား မီတာ ၂၀၀၀၀ လမ်းလျှောက် အားကစားပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားနပန်း ၆၆ ကီလိုတန်း ပြိုင်ပွဲတွင် ထွန်းအောင် (ရခိုင်ပြည်နယ်)၊ ဝင်းလှိုင်ထွေး (ကချင်ပြည်နယ်)၊ အောင်ဌေး(ချင်းပြည်နယ်) တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝင်းလှိုင်ထွေး (ကချင်ပြည်နယ်)က ပထမရရှိပြီး ထွန်းအောင်(ရခိုင်ပြည်နယ်)က ဒုတိယဆုနှင့် အောင်ဌေး (ချင်းပြည်နယ်)တို့က တတိယဆုများကို ရရှိခဲ့ကြသည်။ အမျိုးသားနပန်း ၇၄ ကီလိုတန်း ပြိုင်ပွဲတွင် ဇော်မြင့်ထွန်း (ချင်းပြည်နယ်)၊ သန်းနိုင် (ရခိုင်ပြည်နယ်)၊ စောဂါဖြဲအဲလ် (တနင်္သာရီတိုင်းဒေသကြီး)၊ အောင်စိုးမိုး(ရန်ကုန်တိုင်းဒေသကြီး)နှင့် ဇော်မြင့်ထွန်း (ချင်းပြည်နယ်) ပြိုင်ပွဲတွင် စောဂါဖြဲအဲလ် (တနင်္သာရီတိုင်းဒေသကြီး) က ပထမဆုရရှိပြီး ဇော်မြင့်ထွန်း (ချင်းပြည်နယ်)က ဒုတိယဆုနှင့် အောင်စိုးမိုး (ရန်ကုန်)ကတတိယဆုရရှိသည်။ အမျိုးသားနပန်း ၈၄ ကီလိုတန်းပြိုင်ပွဲတွင် ကျော်ဝင်းဦး (မန္တလေးတိုင်းဒေသကြီး)၊ ရန်လင်းအောင် (ပဲခူးတိုင်းဒေသကြီး)နှင့် ကျော်ဆွေ(ရခိုင်ပြည်နယ်)တို့ ယှဉ်ပြိုင်ကြရာ ကျော်ဝင်းဦး (မန္တလေးတိုင်းဒေသကြီး)က ပထမဆုရရှိခဲ့ပြီး ကျော်ဆွေ (ရခိုင်)က ဒုတိယဆုနှင့် ရန်လင်းအောင် (ပဲခူးတိုင်းဒေသကြီး) က တတိယဆုရရှိသည်။ အမျိုးသား နပန်း ၉၆ ကီလိုတန်းပြိုင်ပွဲတွင် မင်းသိန်းကျော် (ရန်ကုန်တိုင်းဒေသကြီး)၊ ဇော်မိုးအောင်(ပဲခူးတိုင်းဒေသကြီး)၊အန်နီးလျှန်အုပ် (ချင်းပြည်နယ်) တို့ ယှဉ်ပြိုင်ကြရာ ဇော်မိုးအောင် (ပဲခူးတိုင်းဒေသကြီး) က ပထမရရှိပြီး ဘန်နီးလျှန်အုပ် (ချင်းပြည်နယ်) က ဒုတိယနှင့် မင်းသိန်းကျော် (ရန်ကုန်တိုင်းဒေသကြီး)တို့က တတိယဆုရရှိကြသည်။




အမျိုးသား နပန်းသမားနှစ်ဦး၏ ပြိုင်ပွဲဝင်ဟန်။

အမျိုးသမီး နပန်းပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ၅၅ ကီလိုတန်းပြိုင်ပွဲတွင် ကြူကြူသိန်း (ရန်ကုန်)နှင့် နှင်းဆုလှိုင်(ပဲခူးတိုင်းဒေသကြီး)၊ ဖြိုးဖြိုးခိုင်(ကချင်ပြည်နယ်)နှင့် ရီရီဝင်း(မကွေးတိုင်းဒေသကြီး)တို့ ယှဉ်ပြိုင်ကြရာ ကြူကြူသိန်း(ရန်ကုန်တိုင်းဒေသကြီး) က ပထမရရှိပြီး နှင်းဆုလှိုင်(ပဲခူး) က ဒုတိယနှင့် ဖြိုးဖြိုးခိုင်(ကချင်ပြည်နယ်)တို့က တတိယဆုရရှိခဲ့သည်။ အမျိုးသမီး ၆၃ ကီလိုတန်းတွင် ဝေလွင်အောင်(ပဲခူးတိုင်းဒေသကြီး)၊ အေးအေးအောင် (ကရင်ပြည်နယ်)၊ နှင်းနှင်းဌေး(မွန်ပြည်နယ်)တို့ ယှဉ်ပြိုင်ကြရာတွင်လည်း အေးအေးအောင် (ကရင်ပြည်နယ်)က ပထမရရှိပြီး နှင်းနှင်းဌေး(မွန်ပြည်နယ်)၊ က ဒုတိယနှင့် ဝေလွင်အောင်(ပဲခူး) က တတိယဆုများ ရရှိခဲ့ကြသည်။ ၆၇ ကီလိုတန်းအမျိုးသမီး နပန်းပြိုင်ပွဲတွင် တင်တင်အေး (ရှမ်းပြည်နယ်)၊ မေဇင်ဦး(ကရင်ပြည်နယ်)၊ သီရိဝင့် (ရန်ကုန်တိုင်းဒေသကြီး)၊ ရွှေစင်မျိုး(တနင်္သာရီတိုင်းဒေသကြီး) တို့ ယှဉ်ပြိုင်ကြရာ ရွှေစင်မျိုး (တနင်္သာရီ)က ပထမဆုရရှိပြီး မေဇင်ဦး(ကရင်ပြည်နယ်)က ဒုတိယဆုနှင့် သီရိဝင့်(ရန်ကုန်)တို့က တတိယဆုများ အသီးသီးရရှိခဲ့ကြသည်။



ပဲခူးနှင့် တနင်္သာရီ ဖူဆယ်အမျိုးသား တတိယနေရာလုစဉ်။

ဖူဆယ် အမျိုးသား အမျိုးသမီး တတိယလုပွဲများကို အားကစားလေ့ကျင့်ရေးရုံ(၁)၌ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီး အမျိုးသားအသင်းက တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအသင်းကို ၁၇ ဂိုး - ၄ ဂိုးဖြင့် တတိယဆုရရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး- သုံးဂိုးဖြင့် လည်းကောင်း တတိယဆုများ ရရှိခဲ့ကြသည်။ အမျိုးသား အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲများကို မတ် ၆ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းနှင့် နေပြည်တော်တိုင်းဒေသကြီးအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသမီးဗိုလ်လုပွဲများတွင် ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ပဲခူးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းတွင် အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲတွင် အေးသန္တာ(ဧရာဝတီတိုင်းဒေသကြီး)မှ ၁ ဒသမ ၅၅ မီတာဖြင့် ပထမဆုရရှိပြီး မေဇင်ထက် (ရန်ကုန်တိုင်းဒေသကြီး)က ၁ ဒသမ ၅၅ မီတာနှင့် နန်းဝေလှိုင် (ကချင်ပြည်နယ်)က ၁ ဒသမ ၄၀ မီတာဖြင့် ပူးတွဲဒုတိယဆုများ ရရှိခဲ့သည်။ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ကေခိုင်လွင်(ရန်ကုန်တိုင်းဒေသကြီး)က ၁၁ ဒသမ ၇၂ စက္ကန့်ဖြင့် ပထမနှင့် လဲ့လဲ့ဝင်း (မကွေးတိုင်းဒေသကြီး)က ၁၂ ဒသမ ၄၂ စက္ကန့်ဖြင့် ဒုတိယ၊ မြတ်ဆု (မန္တလေးတိုင်းဒေသကြီး)က ၁၂ ဒသမ ၅၅ စက္ကန့်ဖြင့် တတိယဆုများရရှိခဲ့သည်။

အမျိုးသားလုံ့တံပစ်ပြိုင်ပွဲတွင် ကျော်စွာမိုး(မွန်ပြည်နယ်)က ၆၀ ဒသမ ၆၈ မီတာမြင့် ပထမရရှိပြီး ကျော်ညီညီထွေး (ဧရာဝတီတိုင်းဒေသကြီး)က ၅၇ ဒသမ ၅၆ မီတာဖြင့် ဒုတိယနှင့် ဌေးလင်း(ဧရာဝတီတိုင်းဒေသကြီး)က ၅၄ ဒသမ ၅၇ မီတာဖြင့် တတိယဆုရရှိခဲ့ကြသည်။

အမျိုးသား မီတာ ၄၀၀ တန်းကျော် အပြေးပြိုင်ပွဲတွင် စိုးမိုးဝင်း(မကွေးတိုင်းဒေသကြီး)က ၅၄ ဒသမ ၉၇ စက္ကန့်ဖြင့် ပထမဆုရရှိပြီး ကျော်မိုးမင်း (ရန်ကုန်တိုင်းဒေသကြီး)က ၅၆ ဒသမ ၂၄ စက္ကန့်ဖြင့် ဒုတိယနှင့် စည်သူခိုင်ကျော်(မကွေးတိုင်းဒေသကြီး)က ၅၈ ဒသမ ၆၄ စက္ကန့်ဖြင့် တတိယဆုများရရှိခဲ့ကြသည်။ အမျိုးသားမီတာ ၂၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် မျိုးမင်းသီဟ (ကချင်ပြည်နယ်)က ၁ နာရီ ၄၃ မိနစ် ၃၉ စက္ကန့်ဖြင့် ပထမဆုရရှိပြီး ကျော်ဇင်ဦး (စစ်ကိုင်းတိုင်းဒေသကြီး)က ၁ နာရီ ၄၅ မိနစ် ၇၂ စက္ကန့်ဖြင့် ဒုတိယဆုနှင့် ခင်မောင်(ကယားပြည်နယ်)က ၁ နာရီ ၄၇ မိနစ် ၁၇ စက္ကန့်ဖြင့် တတိယဆုများကို အသီးသီးရရှိခဲ့ကြသည်။

## ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ကရာတေးဒိုပြိုင်ပွဲ ပထမနေ့ ဗိုလ်လုပွဲစဉ်များ ကျင်းပ

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ကရာတေးဒိုပြိုင်ပွဲကို မတ် ၄ ရက်က လယ်ဝေးအားကစား လေ့ကျင့်ရေးစခန်းရှိ ကုမိတဲ့ခန်းမ၌ ကျင်းပခဲ့သည်။ ကရာတေးဒိုပြိုင်ပွဲသို့ အမျိုးသား ကိုးသင်း၊ အမျိုးသမီး ၁၀ သင်း၊ ပြိုင်ပွဲဝင်ကစားသမားပေါင်း အမျိုးသား အမျိုးသမီး ၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ စတင်ကျင်းပသည့် ပထမနေ့တွင် ပြိုင်ပွဲအမျိုးအစားခြောက်မျိုးအတွက် ပွဲစဉ် ၂၃ ပွဲ၊ ကုမိတဲ့ပွဲစဉ် ငါးမျိုး ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မိုင်အိုလီဗာယင်းဝါထောင်းလွယ်က ပထမ၊ ကယားပြည်နယ်မှ သဇင်အေးက ဒုတိယ၊ ရှမ်းပြည်နယ်မှ ရီနွယ်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ သန္တာရန်အောင်တို့က ပူးတွဲတတိယရရှိကြသည်။

အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မင်းဟိန်းခန့်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ သက်ထွဋ်ဦးက ဒုတိယရပြီး မန္တလေးတိုင်းဒေသကြီးမှ ကျော်ဇင်ဖြိုးနှင့် ဟိန်းလတ်တို့က ပူးတွဲတတိယရရှိကြသည်။

အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းက ပထမရရှိပြီး ရခိုင်ပြည်နယ်အသင်းက ဒုတိယရရှိသည်။ အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယရရှိပြီး ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အသင်းတို့က ပူးတွဲတတိယရရှိကြသည်။

အမျိုးသမီး ၆၈ ကီလိုတန်းအထက် ကုမိတဲ့ပြိုင်ပွဲတွင် ဝင်းသူဇာမင်း(ကယားပြည်နယ်)က ပထမ၊ ဇုံလယ်ကျဲ (ချင်းပြည်နယ်)က ဒုတိယ၊ ခိုင်ခိုင်စံ(ရခိုင်ပြည်နယ်)က တတိယရရှိပြီး အမျိုးသား ၈၄ ကီလိုတန်းအထက် ကုမိတဲ့ပြိုင်ပွဲတွင် အောင်ဇော်မင်း(ရန်ကုန်တိုင်းဒေသကြီး)က ပထမ၊ စောကျော်သူ (ကချင်ပြည်နယ်)က ဒုတိယ၊ ရခိုင်ပြည်နယ်မှ အောင်နိုင်နှင့် သန်းဝင်းလှိုင်တို့က ပူးတွဲတတိယတို့ အသီးသီးရရှိကြသည်။ ကရာတေးဒိုပြိုင်ပွဲ ပထမနေ့ပွဲစဉ်များအပြီးတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရွှေ သုံး၊ ငွေ တစ်၊ ကြေး တစ်ဖြင့် ဦးဆောင်လျက်ရှိပြီး ကယားပြည်နယ်က ရွှေ နှစ်၊ ငွေ တစ်၊ ကြေး တစ်ဖြင့် ဒုတိယနေရာမှ ကပ်လိုက်နေကြောင်း သိရသည်။ **(ကိုကိုစိုးညွန့်)**

## ပြည်ထောင်စုဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဧရာဝတီနှင့် ရန်ကုန် ဗိုလ်လုမည်

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို လယ်ဝေးအားကစား လေ့ကျင့်ရေးစခန်းရှိ ဘောလုံးကွင်း၌ မတ် ၄ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည်။

နံနက်ပိုင်းတွင် ကျင်းပရာ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းက မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ညနေပိုင်းပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းက ရှမ်းပြည်နယ်အမျိုးသမီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းတို့၏ ဗိုလ်လုပွဲကို မတ် ၇ ရက်တွင် ကစားမည်ဖြစ်ကြောင်း သိရသည်။ **(ကိုကိုစိုးညွန့်)**



## ပြည်ထောင်စုဖလား အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ

## ရန်ကုန်နှင့် ရှမ်း ဗိုလ်လုပွဲတက်

နိုင်လင်းကြည် (ကြေးမုံ)

**နေပြည်တော် မတ် ၅**

မြန်မာနိုင်ငံအနေဖြင့် ၄၄ နှစ်ကြာမှ အိမ်ရှင်အဖြစ်ပြန်လည်ကျင်းပမည့် အခွင့်အရေးရရှိခဲ့သော အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ ယင်း (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအကြိုအဖြစ် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကြီးကို အားကစားနည်း ၂၂ မျိုးဖြင့် ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ကာ ကျင်းပခဲ့သည်။

ယင်းအားကစားနည်း ၂၂ မျိုးထဲမှ အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို မတ် ၁ ရက်မှ စတင်ကာ TC-1 ဘတ်စကက်ဘော လေ့ကျင့်ရေးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မတ် ၅ ရက်တွင် အမျိုးသား ဘတ်စကက်ဘော ဆီမီးဖိုင်နယ်အဆင့်နှင့် အမျိုးသမီးဘတ်စကက်ဘော ပတ်လည်ပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပခဲ့သည်။

အမျိုးသားဘတ်စကက်ဘော ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် အုပ်စု(က)မှ ပထမရအသင်း စစ်ကိုင်းနှင့် အုပ်စု (ခ) မှဒုတိယရ ရန်ကုန်အသင်း၊ အုပ်စု(ခ)မှ ပထမရ ရှမ်းအသင်းနှင့် အုပ်စု(က)မှ ဒုတိယရ မန္တလေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသားဘတ်စကက်ဘော ဆီမီးဖိုင်နယ်အဆင့်တွင် စစ်ကိုင်းနှင့် ရန်ကုန်တို့၏ ပွဲစဉ်**(အပေါ်ပုံ)**တွင် ရန်ကုန်က စစ်ကိုင်းကို ၇၇ မှတ် - ၆၃ မှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး ရှမ်းနှင့်မန္တလေးတို့၏ ပွဲစဉ်တွင် ရှမ်းက မန္တလေးကို ၈၀ မှတ် - ၅၆ မှတ်ဖြင့် အနိုင်ရရှိကာ အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

အမျိုးသားဘတ်စကက်ဘော တတိယလုပွဲအဖြစ် ဆီမီးဖိုင်နယ်အဆင့်တွင် ရန်ကုန်အသင်းကို ရှုံးနိမ့်ခဲ့သော စစ်ကိုင်းအသင်းနှင့် ရှမ်းအသင်းကို ရှုံးနိမ့်ခဲ့သော မန္တလေးအသင်းတို့ တွေ့ဆုံမည်ဖြစ်ပြီး ရှမ်းအသင်းသည် အုပ်စုအဆင့်တွင် ချင်း၊ ကချင်နှင့် ရန်ကုန်တို့ကို အနိုင်ရရှိကာ အုပ်စု(ခ) မှ ပထမနေရာဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာသည့်အသင်းဖြစ်သည်။ ရန်ကုန်မှာလည်း အုပ်စုအဆင့်တွင် ချင်းနှင့် ကချင်ကို အနိုင်ယူကာ ရှမ်းအသင်းကို ရှုံးပြီး အုပ်စု (ခ) ဒုတိယနေရာဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်လာပြီး ဆီမီးဖိုင်နယ်တွင်စစ်ကိုင်းကို အနိုင်ယူကာ ဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

အမျိုးသားဘတ်စကက်ဘော နောက်ဆုံးဗိုလ်လုပွဲသည် အုပ်စု (ခ) မှ ပထမရရှမ်းအသင်းနှင့် အုပ်စုဒုတိယရ ရန်ကုန်အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး အမျိုးသမီးဘတ်စကက်ဘော ပတ်လည်ပြိုင်ပွဲတွင် မန္တလေးအသင်းကို ၅၂ မှတ်-၃၄ မှတ်ဖြင့် နောက်ဆုံးအနိုင်ရရှိခဲ့သော ရန်ကုန်အသင်းနှင့် မကွေးအသင်းကို ၆၃ မှတ် - ၃၆ မှတ်ဖြင့် အနိုင်ယူခဲ့သော စစ်ကိုင်းအသင်းတို့ အမျိုးသမီးဘက်စကတ်ဘောနောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမျိုးသား အမျိုးသမီး ဘတ်စကက်ဘော ဗိုလ်လုပွဲစဉ်များကို မတ် ၆ ရက်တွင် TC-1 ဘတ်စကက်ဘောလေ့ကျင့်ရေးကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားမည်လည်း ဖြစ်သည်။

# တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်ပွဲများ ကျင်းပ

**နေပြည်တော် မတ် ၅**

တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်အတွက် ဗလငါးတန်နှင့်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာအောင် မွေးမြူလေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးက အရေးကြီးသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးလာရန်အတွက် ပညာရေးကဏ္ဍက အလွန်ပင်အရေးကြီးကြောင်း၊ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်အတွက် အကျိုးအရှိဆုံးဖြစ်၍ အစိုးရသစ်လက်ထက်တွင် ပညာရေးနှင့် ကျန်းမာရေး ဘတ်ဂျက်အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များ၏ သင်ကြားလေ့ကျင့်ပေးနေမှုများကို နမူနာယူပြီး အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားလာသည်နှင့်အမျှ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယမန်နေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင်ပြောကြားသည်။

အလားတူ တက္ကသိုလ်ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက လူ့စွမ်းအားအရင်းအမြစ်များ ကြွယ်ဝလာစေရေးအတွက် ပညာရေးကဏ္ဍကို အခြေခံရမည်ဖြစ်သောကြောင့် ပညာရေးကဏ္ဍကို မြှင့်တင်ပေးကြရမည့် ဆရာ ဆရာမများအနေဖြင့် နေ့စဉ်ပြောင်းလဲတိုးတက်နေသည့် ပညာရပ်များကို အစဉ်အမြဲ လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ အနေဖြင့် သင်ကြားရေးလုပ်ငန်းများနှင့်အတူ သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဒေသအလိုက် အထောက်အကူပြုမည့် ကုန်ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးမှုတို့အတွက် နိုင်ငံအကျိုးပြုအသုံးချ သုတေသနလုပ်ငန်းများကို ထိထိရောက်ရောက်တီထွင်ကြံဆပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းအားလုံးအနေဖြင့် မိမိ၏ တာဝန်ကို တာဝန်သိ၊ တာဝန်ရှိ၊ တာဝန်ယူ၊ တာဝန်ခံပြီး ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လွှတ်တော်များသို့ လာရောက်လေ့လာကြည့်ရှု



**နေပြည်တော် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ မြို့နယ်များမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၉၅ ဦး၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၄၁ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ထူးချွန်ကျောင်း ကြက်ခြေနီလူငယ် အရည်အချင်းမြှင့်တင် လေ့ကျင့်ရေးနွေရာသီစခန်းမှ အုပ်ချုပ်သူနှင့် သင်တန်းသား သင်တန်းသူ ၈၀ တို့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပနေပုံများကို လေ့လာပြီး လွှတ်တော် အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

# စိုက်ပျိုးရေးခြံများ ရာသီဥတုကြောင့် အခက်ကြုံ

**ရန်ကုန် မတ် ၅**

မွန်ပြည်နယ်ရှိ သရက်၊ တညင်း စိုက်ပျိုးခြံများတွင် ယခုနှစ်၌ အထွက်တိုးရန် သဘာဝက အကြောင်းဖန်လာသော်လည်း ရာသီဥတုအခြေအနေကြောင့် နံနက်ပိုင်းတွင် နှင်းစက်နှင်းပေါက်များကျကာ အပွင့်များကြွေ၍ အခက်ကြုံနေရကြောင်း သထုံမြို့နယ် တံတားဦး (ငုတ္တို) ကျေးရွာရှိ ဒေသခံများထံမှ သိရသည်။

"ဒီနှစ်အပွင့်တွေ တအားပွင့်လို့ အထွက်တိုးမယ်ဆိုပြီး မှန်းထားကြတယ်။ အခု မနက်မနက်ကို နှင်းခါးတွေကျလို့ အပွင့်တွေတော်တော်ကြွေကုန်ရော။ မနက်မိုးလင်းရင် အပင်အောက်တွေမှာ ကြွေကျတဲ့ အပွင့်တွေ တအားပဲ။ နှင်းခါးကျတာ ဒီနေ့ဆိုရင် ငါးရက်လောက်ရှိနေပြီ"ဟု အဆိုပါကျေးရွာမှ ခြံပိုင်ရှင် ဒေါ်တင်ရီက ပြောကြားသည်။

ယခုမတ်လကုန် ဧပြီလဆန်းတွင် သရက်၊ တညင်းများပေါ်သော ကာလသို့ရောက်ရှိမည်ဖြစ်ပြီး အချို့သော အပင်များတွင် သေးငယ်သော အသီးများ စတင်သီးနေပြီ ဖြစ်သော်လည်း နှင်းစက်နှင်းပေါက်များကြောင့် အပွင့်များနှင့်အတူ အသီးငယ်များလည်း ကြွေကျကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

# HAN Golf Masters

## နွေရာသီ အခြေခံနှင့် မွမ်းမံ ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၅**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ HAN Golf Masters Academy မှ မတ် ၁၁ ရက်မှ ၁၇ ရက်အထိ အခြေခံနှင့်မွမ်းမံသင်တန်းကို နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီထိ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို HAN Golf Masters Academy မှ ဝါရင့်နည်းပြများဖြစ်သော ဦးချမ်းဟန်၊ ဦးကိုကိုလေးနှင့် လက်ထောက်နည်းပြဆရာများက နည်းစနစ်များကို စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုကြသူများသည် မတ် ၁၀ ရက်ထက်နောက်မကျစေဘဲ သင်တန်းကြေးကျပ် ၅၀၀၀၀ နှင့်အတူ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း-၀၁-၆၅၁၇၉၇၊ ၀၉-၂၀၃၇၆၇၁၊ ၀၉-၄၉၁၀၂၀၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မောင်မောင်)**

UNITY FOR GOLD WE CAN DO

# ယဉ်ကျေးမှုဝန်ကြီးဌာနက လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (အကြို)ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို (၂၈-၂-၂၀၁၃) ရက်နေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် စုပေါင်းလေ့ကျင့်မှုများ၊ ပြင်ဆင်မှုများ ပြုလုပ်ခြင်းအတွက် အားကစားကွင်းနှင့် အစည်းအဝေးခန်းများအသုံးပြုခဲ့ခြင်းအပါအဝင် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့သော Max Myanmar ကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်နှင့် ကုမ္ပဏီဝန်ထမ်းများအားလည်းကောင်း၊ ဖွင့်ပွဲအခမ်းအနားအတွက် အကြံပေးပါသော မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့အားလည်းကောင်း၊ အခမ်းအနားအစီအစဉ်များ တင်ဆက်နိုင်ရန်အတွက် ဦးဆောင်သူများဖြစ်သော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မှ လက်ထောက်ကထိက ဒေါ်မြင့်မြင့်ကြည်၊ လက်ထောက်ကထိက ဒေါ်မင်းမင်းစိုးတို့အားလည်းကောင်း၊ အစီအစဉ်တင်ဆက်သူများဖြစ်သော ကိုသူရဝင်း၊ ကိုဇေယျာလင်း၊ ကိုဇော်မျိုးဦး၊ မအေးလဲ့ကံဇော်၊ မသီရိမေ၊ မမြင့်မိုရ်ချစ်မာလာ၊ မဝတ်ရည်လှိုင်၊ မချောစုစုကြည်တို့အားလည်းကောင်း၊ ခရီးလွန်နေ၍ အခမ်းအနားတွင် သီဆိုဖျော်ဖြေနိုင်ခြင်း မရှိသော မဟာသီချင်းတေးသံရှင် ဇော်ဝင်းထွဋ်၊ ပြည်ထောင်စုကြီးဒို့ရဲ့မြန်မာသီချင်းသီဆိုသူ တေးသံရှင် နေနေ တို့အားလည်းကောင်း၊ တေးသီချင်းများကို ဖွင့်ပွဲအခမ်းအနားတွင် အသုံးပြုခွင့်ပေးခဲ့ပါသော မူရင်းတေးရေးဆရာများအားလည်းကောင်း၊ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အနုပညာရှင်များ၊ ဖျော်ဖြေရေးအဖွဲ့များ၊ လုပ်အားဖြင့် ကူညီဆောင်ရွက်ပေးကြသော အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုညစာဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသော Adventure Myanmar Travel Co.,Ltd. အားလည်းကောင်း၊ အမည်မပါရှိသော်လည်း ဖွင့်ပွဲအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

**ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ**
**ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေးကော်မတီ**

# ကာယဗလဆိုင်ရာမဂ္ဂဇင်း၏ အမှုဆောင်အယ်ဒီတာအဖြစ် ထပ်မံမြင်တွေ့ရဦးမည့် ကမ္ဘာကျော်အက်ရှင်မင်းသားကြီး အာနိုး

ပြိုးဝဿမြင့်

ကမ္ဘာကျော်အက်ရှင်မင်းသားကြီး အာနိုးရှဝါဇန်နက်ဂါအား American Media Inc.(AMI) မှ ဦးစီးထုတ်ဝေမည့် ကိုယ်ကာယဗလလေ့ကျင့်ခန်းဆိုင်ရာ မဂ္ဂဇင်းတစ်ခုတွင် အမှုဆောင်အယ်ဒီတာအဖြစ် ဆောင်ရွက်ပေးရန် ကမ်းလှမ်းခြင်းခံထားရကြောင်း သိရသည်။



AMI သည် လက်ရှိတွင် Flex နှင့် Muscle-and-Fitness အမည်ရှိ မဂ္ဂဇင်းနှစ်စောင်ကို ထုတ်ဝေလျက်ရှိကြောင်း၊ "အာနိုးကို ဒီမဂ္ဂဇင်းရဲ့ အမှုဆောင်အယ်ဒီတာအဖြစ် ရွေးချယ်ရခြင်းအကြောင်းကတော့ သူဟာ ကမ္ဘာက အသိအမှတ်ပြုထားတဲ့ အက်ရှင်သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်တဲ့အပြင် ကာယဗလနဲ့ပတ်သက်တဲ့ အပိုင်းမှာလည်း အားလုံးက အသိအမှတ်ပြုထားတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။ သူရရှိခဲ့တဲ့ အတွေ့အကြုံကောင်းတွေကို မဂ္ဂဇင်းစာဖတ်ပရိသတ်နဲ့ အွန်လိုင်းစာဖတ်ပရိသတ်တွေဆီကို မျှဝေပေးသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု AMI မှ ဥက္ကဋ္ဌ ဖြစ်သူ ဒေးဗစ်ပတ်ကာက ပြောကြားခဲ့သည်။

အသက် ၆၅ နှစ်အရွယ်ရှိ အက်ရှင်မင်းသား အာနိုးသည် အမျိုးသားများ၏ ကိုယ်ကာယဗလလေ့ကျင့်ရေးလောကတွင် ရှေ့ဆောင်လမ်းပြတစ်ဦးအဖြစ် လူသိများသူတစ်ဦးဖြစ်ပြီး ၎င်း၏ ကြီးမားတောင့်တင်းသော ကိုယ်ခန္ဓာက ရုပ်ရှင်ကားများတွင်လည်း အောင်မြင်မှုများ ရရှိစေပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးကိုလည်း သက်တမ်းနှစ်နှစ်တိုင် ရရှိပိုင်ဆိုင်ထားခဲ့သည်။

ထို့ပြင် အာနိုးသည် အဆိုပါ AMI မှ ထုတ်ဝေသည့် Flex နှင့် Muscle and Fitness မဂ္ဂဇင်းများတွင် ပြီးခဲ့သည့်နှစ်အတွင်းက မျက်နှာဖုံးပိုင်ရှင်အဖြစ် အကြိမ်ပေါင်း ၆၀ ပါဝင်ရိုက်ကူးပေးခဲ့ပြီး မကြာမီထွက်ရှိလာမည့် လစဉ်ထုတ်မဂ္ဂဇင်းအသစ်၏ စာမျက်နှာများတွင် အက်ရှင်မင်းသားကြီး အာနိုး၏ ဆန်းသစ်သော နည်းဗျူဟာများနှင့် ဖန်တီးမှုများကို ထပ်မံမြင်တွေ့ရဦးမည်ဖြစ်ကြောင်း ဟောလိဝုဒ်ရီပိုတာသတင်းဌာနက သတင်းဖော်ပြသည်။

# ဝင်ငွေကောင်းနေသည့် တရုတ်ဂန္ထဝင်ဟာသဇာတ်ကား Journey to the West

ဟောင်ကောင်ဒါရိုက်တာ စတီဖန်ချောင်း၏ နောက်ဆုံး ဟာသဇာတ်ကား Journey to the West: Conquering the Demons သည် ၁၇ ရက်ကြာ ရုံတင်ပြသပြီးနောက် တရုတ်ယွမ် ၁ ဒသမ ၄ သန်း ရရှိခဲ့သည်။




ယင်းဇာတ်ကားသည် တရုတ်နိုင်ငံ၌ ရုံလျှံဝင်ငွေကောင်းသည့် ဟောလိဝုဒ်ဇာတ်ကားများနှင့် အပြိုင်နွှဲလျက်ရှိရာ တရုတ်ရုပ်ရှင်ဈေးကွက်ကောင်းလျက်ရှိသည်။ ယင်းဇာတ်ကားသည် ဖေဖော်ဝါရီ ၁၄ ရက် (ချစ်သူများနေ့)က ရရှိခဲ့သည် ဝင်ငွေမှာ နေ့စဉ်ရုံတင်ဝင်ငွေထက်ကျော်လွန်ကာ မှတ်တမ်းတင်နိုင်ခဲ့ပြီး ဝင်ငွေလျော့ကျမသွားဘဲ တဖြည်းဖြည်း အားကောင်းလျက်ရှိသည်။

ရုပ်ရှင်ကြည့်ပရိသတ်တစ်ဦးက "ကျွန်တော်ဒီဇာတ်ကားကို ကြည့်တာ နှစ်ကြိမ်ရှိပြီ၊ ထိတ်လန့်စရာကောင်းသလို အရမ်းလည်း ရယ်စရာကောင်းတယ်။ ဒါကြောင့် နောက်တစ်ကြိမ်ထပ်ကြည့်ဖို့ သူငယ်ချင်းကို အဖော်ညှိခဲ့တယ်။ ဒီဇာတ်ကားဟာ နှစ်ပေါင်း ၄၀၀ ကျော်က တရုတ်ဂန္ထဝင်ဇာတ်လမ်းတစ်ပုဒ်ကို အခြေခံ ရိုက်ကူးခဲ့တာပါ။ ဖေဖော်ဝါရီ ၁၀ ရက်က စတင်ရုံတင်ပြီးနောက်ပိုင်း လူတိုင်းနှုတ်ဖျားရေပန်းစားခဲ့သလို အင်တာနက်ပေါ်မှာလည်း နေရာအများကြီး ယူသွားခဲ့တယ်" ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

တရုတ်ထိပ်တန်းရုပ်ရှင်ဇာတ်ကားပေါင်း ၁၅၀၀၀ ရှိပြီး အဆိုပါဇာတ်ကားများမှာ ဈေးကွက်တွင် အရှိန်ကောင်းလျက်ရှိသည်။ တရုတ်ဂန္ထဝင်ဟာသဇာတ်ကား Journey to the West ၏ စုစုပေါင်း ရုံတင်ပြသမှုဝင်ငွေကို အမေရိကန်ဒေါ်လာ သန်း ၈၀၀ နီးပါး ရရှိရန် မျှော်လင့်ထားသည်။

ဇေယျာလင်း


















**၂၈-၂-၂၀၁၃ရက်ကြေးမုံသတင်းစာ စာမျက်နှာကြော်ငြာ(က)ပါ ကြော်ငြာချက်နှင့်ပတ်သက်၍ ဦးနေလင်းကျော်၊ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်တင်နှင့် အများသိစေရန်ပြန်လည်ရှင်းလင်းခြင်း**

ဦးနေလင်းကျော်[၁၂/မဂတ(နိုင်)၀၇၉၇၉၆]၏ ကြော်ငြာခြင်းအပေါ် ပြန်လည်ရှင်းလင်းအသိပေးအပ်ပါသည်။ ကျွန်မ ဒေါ်သက်နှင်းဖြိုး[၁၂/လမန(နိုင်)၁၃၆၆၃၁] သည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၉လမ်း၊ အမှတ်(၇)၊ အခန်း(၇)လွှာ(ဝဲ)၊ အခန်းအား ကျွန်မတို့နှစ်ဦး ပူးတွဲဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။

ကျွန်မသည် ၁၁-၂-၂၀၁၃ရက်တွင် သွေးလွန်တုပ်ကွေးအဖျားရောဂါကြောင့် အသည်းအသန်နေမကောင်းဖြစ်သဖြင့် ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးနေလင်းကျော်ကိုယ်တိုင် သျှင်ပါကူဆေးရုံသို့ ဆေးကုသရန်အတွက် အခန်း(၁၀၃)သို့ လိုက်လံပို့ဆောင်၍ ဆေးရုံတင်ပေးခဲ့ပါသည်။ ထိုဆေးရုံ၌ ၁၇-၂-၂၀၁၃ရက်အထိ ဆေးကုသမှုကိုခံယူခဲ့ပါသည်။ဆေးရုံမှဆင်းပြီးနောက်ပိုင်းတွင်လည်း ကျန်းမာရေးမကောင်းသေးသဖြင့် မိခင်ဖြစ်သူနှင့်သွားရောက်နေထိုင်၍ ဆေးကုသမှုကို ခံယူခဲ့ပါသည်။ ကျွန်မသည် မိခင်ထံ၌ သွားရောက်နေထိုင်၍ ဆေးကုသမှုကို ဆက်လက်ပြုလုပ်နေချိန်တွင် ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးနေလင်းကျော်မှ ကြေးမုံသတင်းစာတွင် တစ်ဖက်သတ်ကြော်ငြာခဲ့ခြင်းသာဖြစ်ပါသည်။

ကျွန်မအနေဖြင့် မိမိသဘောအလျောက် အိမ်မှဆင်းလာခြင်းမျိုးလည်း မဟုတ်ပါ။ စိန်နားကပ်နှင့်ရွှေလက်စွပ်အားလည်း ယူဆောင်လာခြင်းမျိုးလည်းမရှိပါ။ ယခုကဲ့သို့ မမှန်မကန်ကြော်ငြာခြင်းဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းခြင်းဖြစ်ပါသည်။

ဒေါ်သက်နှင်းဖြိုး
[၁၂/လမန(နိုင်)၁၃၆၆၃၁]
အမှတ်(၁)၊ သုခလမ်း၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ရန်ကုန်မြို့

## အေစီမီလန်၌ တိုက်စစ်မှူးရော်ဘင်ဟို ဆက်နေစေလိုကြောင်း ဂယ်လီယာနီဖွင့်ဟ



အေစီမီလန်တိုက်စစ်မှူး ရော်ဘင်ဟိုသည် အေစီမီလန်တွင် ပျော်ရွှင်မှုရရှိနေသော်လည်း ဘရာဇီးစီးရီးအေတွင် လူငယ်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသော ဆန်းတို့စ်အသင်းသို့ ပြန်လည်သွားရောက်ကစားရန်အတွက် အေစီမီလန်အသင်းကို စွန့်ခွာရန် ဆန္ဒရှိနေခြင်းကြောင့် ရော်ဘင်ဟိုအား အေစီမီလန်တွင်သာ ဆက်ကစားစေလိုကြောင်း အေစီမီလန်အသင်းနည်းပြ ဂယ်လီယာနီက ဖွင့်ဟပြောကြားခဲ့သည်။

ရော်ဘင်ဟိုသည် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလကတည်းက ၎င်း၏ မွေးရပ်ဌာနေဘရာဇီးမြေသို့ပြန်ရန် လူသိရှင်ကြားပြောကြားခဲ့သည်။ သို့ရာတွင် ဘရာဇီးသို့ ပြန်လည်သွားရောက်ကစားမည့် ရော်ဘင်ဟို၏ ဆန္ဒမပြည့်ဝခဲ့ပေ။

ရော်ဘင်ဟို၏ အေစီမီလန်အသင်းနှင့် စာချုပ်သက်တမ်းမှာလည်း ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်၍ ဘရာဇီးစီးရီးအေကလပ်ဆန်းတို့စ်အသင်းက ခေါ်ယူရန် ဆန္ဒရှိခဲ့သော်လည်း ပြီးခဲ့သည့် အပြောင်းအရွှေ့ဈေးကွက်အတွင်းက ရော်ဘင်ဟို၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ သဘောတူညီမှုမရရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် အေစီမီလန်အသင်းနည်းပြ ဂယ်လီယာနီအနေဖြင့် လက်ရှိဆန်စီရိုတွင် အကောင်းမွန်ဆုံး ခြေစွမ်းရရှိနေသည့် တိုက်စစ်မှူးရော်ဘင်ဟိုအား အေစီမီလန်အသင်းမှ မထွက်ခွာစေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**နိုင်လင်းကြည်**

## အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ် လာမည့်ရာသီအတွက် နည်းပြသစ်ရှာဖွေ ချယ်လ်ဆီးအသင်းက ကမ်းလှမ်းလာမှုမရှိခဲ့ကြောင်း ကာပယ်လိုဆို

လာမည့်နှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း မန်နေဂျာဖြစ်လာရေးနှင့် ပတ်သက်၍ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ထံမှ မည်သည့်ကမ်းလှမ်းမှုမျှ ရရှိထားသေးခြင်း မရှိကြောင်း၊ အင်္ဂလန်အသင်းနည်းပြဟောင်း ဖာဘီယိုကာပယ်လိုက အခိုင်အမာပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် အသင်း၏အောင်မြင်မှုကိုဆက်ထိန်းရန်ရာဖေးလ်ဘင်နီတက်ဇ်ကို ယခုနှစ်ဘောလုံးရာသီကုန်ထိ ယာယီနည်းပြအဖြစ် ခန့်အပ်ထားခဲ့သော်လည်း ချယ်လ်ဆီးပရိသတ်က ဘင်နီတက်ဇ်အား ချယ်လ်ဆီးနည်းပြအဖြစ်ဆက်မထားရန် တောင်းဆိုလာပြီးနောက် အသင်းပိုင်ရှင်အေဘရာမိုဗစ်ချ်သည် ချယ်လ်ဆီးအသင်းနည်းပြအဖြစ်ခန့်အပ်ရန် ဘာစီလိုနာအသင်းနည်းပြဟောင်းပက်ဂွါဒီယိုလာကို ပစ်မှတ်ထားခဲ့သည်။

သို့ရာတွင် ဂွါဒီယိုလာသည် လာမည့်နှစ်ဘောလုံးရာသီတွင် နည်းပြဂျက်ဟေးနက်နေရာတွင် အစားထိုးမည်ဟုဆိုကာ ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူခဲ့ခြင်းကြောင့် လက်ရှိရီးယဲလ်မက်ဒရစ်အသင်းကို ကိုင်တွယ်နေသည့် ပေါ်တူဂီနိုင်ငံသား နည်းပြကြီးစပယ်ရှယ်ဝမ်း မော်ရင်ဟိုကို ချယ်လ်ဆီးအသင်းက ခေါ်ယူရန်ဆန္ဒရှိနေခဲ့သည်။

မော်ရင်ဟိုအနေဖြင့်လည်း အင်္ဂလန်မြေသို့ တစ်ကျော့ပြန်လာလိုသော်လည်း ရာနူနီးပြည့် မသေချာသေးခြင်းကြောင့် လက်ရှိရုရှားမြေတွင် တာဝန်ထမ်းဆောင်နေသော အင်္ဂလန်နည်းပြဟောင်း ကာပယ်လိုကို စတမ်းဖို့ဒ်ဘရစ်ချ်သို့ ခေါ်ယူနိုင်ရေးကမ်းလှမ်းမည်ဟု ဆိုသည်။

သို့ရာတွင် ကာပယ်လိုကမူ လက်ရှိအချိန်အထိ ချယ်လ်ဆီးအသင်း၏ ချိတ်ဆက်လာမှုမရှိသေးကြောင်း ဆိုသည်။

## အင်္ဂလန်အသင်းသို့ ဘန်ဖော်စတာပြန်လာရန် ရှိုင်းဟော့ဂ်ဆန်မျှော်လင့်



အင်္ဂလန်အသင်းနည်းပြ ရှိုင်းဟော့ဂ်ဆန်သည် ၂၀၁၁ ခုနှစ်မှစတင်ကာ အင်္ဂလန်အသင်းအတွက် ပါဝင်ကစားခဲ့ခြင်း မရှိတော့သည့် ဝက်စ်ဘရွန်းဂိုးသမား ဘန်ဖော်စတာကို အင်္ဂလန်အသင်းတွင် တစ်ကျော့ပြန် ပါဝင်လာရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဝက်စ်ဘရွန်းဂိုးသမား ဘန်ဖော်စတာသည် ဖာဘီယိုကာပယ်လို အင်္ဂလန်အသင်းနည်းပြဘဝတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ၂၀၁၁ ခုနှစ်က အင်္ဂလန်လက်ရွေးစင် ဂိုးသမားဘဝမှ အနားယူကြောင်း ကြေညာခဲ့သူဖြစ်သည်။

သို့ရာတွင် အင်္ဂလန်လက်ရွေးစင်အဖြစ်မှ အနားယူကြောင်း တရားဝင်ကြေညာခဲ့သည့် မန်ယူနှင့် ဘာမင်ဂမ်ဂိုးသမားဟောင်း ဘန်ဖော်စတာသည် လာမည့်လတွင် ဆန်မာရီယို၊ မွန်တီနီဂရိုးတို့နှင့် ယှဉ်ပြိုင်ကစားရမည့် အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ပါဝင်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ရာ ဘန်ဖော်စတာနှင့်အတူ ဝက်စ်ဘရွန်းအသင်းတွင် လက်တွဲခဲ့သည့် လက်ရှိအင်္ဂလန်အသင်းနည်းပြ ရှိုင်းဟော့ဂ်ဆန်က ဘန်ဖော်စတာကို အင်္ဂလန်အသင်းသို့ ပြန်လာရန် မျှော်လင့်ထားကြောင်း ဆိုသည်။

အင်္ဂလန်အသင်းနည်းပြ ရှိုင်းဟော့ဂ်ဆန်သည် လွန်ခဲ့သည့်သုံးနှစ်က ဘန်ဖော်စတာပါဝင်ကစားခဲ့သော အင်္ဂလန်အသင်း၏ နောက်ဆုံးပြိုင်ပွဲ ငါးပွဲတွင် အကောင်းဆုံးလက်စွမ်းဂိုးဖမ်းနိုင်ခဲ့ခြင်းကြောင့် ဘန်ဖော်စတာကို အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပါဝင်လာရန် ဆန္ဒရှိနေခဲ့ခြင်းဖြစ်ကြောင်းလည်း ဆိုသည်။









MYANMAR PAGODA CAR RENTAL

ကားမျိုးစုံကို လချုပ်၊ အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
အမှတ်(၈)၊ ရွှေနှင်းဆီလမ်း၊ မုန့်လက်ဆောင်းရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်၊ ဖုန်း-၀၁-၅၁၈၃၅၂၊ ၀၉-၄၃၀၈၈၈၁၀၊ ၇၃၀၇၇၀၂၀










### အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ရရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၆-၃-၂၀၁၃ရက်မှ ၁၂-၃-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၃-၂၀၁၃ရက် (၁၃း၀၀)နာရီမှ ၁၅း၀၀နာရီအတွင်း ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ ဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကြေးမုံသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၂၉၁၈၃၃၊ ၀၁-၂၉၂၈၃၀၊ ၀၁-၂၉၁၄၅၄ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကြေးမုံသတင်းစာတိုက်
အမှတ်-၇၇၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး






အထက်မြန်မာပြည်သတင်း



## သီပေါမြို့မှ ဘော်ကြိုဘုရား ဗုဒ္ဓပူဇနိယ တပေါင်းပွဲ ၆ ရက်တိုင်တိုင်ဆင်နွှဲမည်

သတင်းမှတ်စု-စိုင်းသာလှိုင် (လိမ္မော်မြေ)
ဓာတ်ပုံ-စိုင်း (သီပေါ)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်သည် ရှေးဟောင်းဘုရားပုထိုးစေတီအများအပြား တည်ထားကိုးကွယ်သည့် ဒေသဖြစ်သကဲ့သို့ နိုင်ငံကျော်ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘော်ကြိုဘုရားကြီး**(ဓါတ်ပုံ)**သည် သီပေါမြို့၏အနောက်ဘက်ခြမ်း မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးနှင့် မီးရထားလမ်းအကြား ဒုဋ္ဌဝတီမြစ်မြောက်ဘက်တွင် တည်ရှိသည်။

ဘော်ကြိုဘုရားကြီး၏ ပရိဝုဏ်အတွင်း အနောက်မြောက်ထောင့်၌ ပေါက်ရောက်လျက်ရှိသော စံကားပင်မှာ ဘုရား၊စေတီ၊ အုတ်၊ ပြာသာဒ်၊ ထီးတော်၏အမြင့်ထက်သို့ မည်သည့်အခါမျှမြင့်တက်မသွားခြင်း၊ ဘုရားကြီး၏ အနောက်တောင်ထောင့်အရပ်တွင် စေတီတော်၏အောက်မှ ရေစီးဆင်းနေပြီး ဆယ့်နှစ်ရာသီခန်းခြောက်မှုမရှိခြင်း၊ မုခ်များတွင်သာ အစဉ်အမြဲကိန်းဝပ်စံပယ်သော ရုပ်ပွားတော်များသည် သီတင်းသုံးသည့်မုခ်များတွင်သာ အစဉ်အမြဲကိန်းဝပ်စံပယ်စေရခြင်း၊ ပင့်ဆောင်သည့်အခါတွင်လည်း ရှေ့နောက်ဘွဲ့စဉ်များအတိုင်း ပင့်ဆောင်ရခြင်း၊ မုခ်လေးမုခ်တွင် ဘုရားအားမျက်နှာမူ၍ စောင့်ရှောက်နေသော ဘီလူးရုပ်တု ငါးရုပ်ရှိခြင်းစသည့်ထူးခြားဖွယ်ရာများ အများအပြားရှိသည်။

ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့ (မတ် ၂၁ရက်မှ ၂၆ ရက်) အထိကျင်းပမည်ဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမြတ်ဘုရားကြီး အထွေထွေဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ရွှေပြား၊ ရွှေသင်္ကန်း၊ လျှပ်စစ်မီးနှင့်အလှူငွေများ လှူဒါန်းလိုကြသော ရဟန်းရှင်လူစေတနာရှင်များ စိတ်ချမ်းမြေ့စွာလှူဒါန်းနိုင်ရေးအတွက် ဘော်ကြိုဘုရားကြီးရင်ပြင်တော်ပေါ်တွင် အလှူခံဌာနများ ဖွင့်လှစ်စီစဉ်ထားရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ဗုဒ္ဓနွယ်ဝင် တိုင်းရင်းသားပြည်သူများအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ရှိသမိုင်းဝင်ဘော်ကြိုဘုရားကြီး၏ဗုဒ္ဓပူဇနိယပွဲတော်သို့ ကြွရောက်ကြည်ညိုနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## မုံရွာမြို့ နဂါးစတားဗိမာန်တော် ရေစက်ချလှူဒါန်း

**မုံရွာ မတ် ၅**

အရှည်ပေ ၁၀၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၃ ပေရှိ မုံရွာမြို့အလယ်ရပ်ကွက် မိုးကောင်းမြတ်စွာဘုရားကြီးပရိဝုဏ်အတွင်းရှိ နဂါးစတားဗိမာန်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကို ၂၀၁၃ ခုနှစ် မတ်လ ၃ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ **(အောက်ပုံ)**မုံရွာမြို့ မဟာဇောတိကာရာမ ကျောင်းတိုက်ဆရာတော်ကြီး အမှူးပြုသော သံဃာတော်အရှင်မြတ်များကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ် အဆင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



"နဂါးစတားဗိမာန်တော်ကြီးကို တည်ဆောက်ဖို့အတွက် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှာ အလှူရှင် ဦးကိုကိုနိုင်က ဂေါပကအဖွဲ့ကိုတင်ပြပါတယ်။ ဧပြီ ၃ ရက်တွင် ဂေါပကအဖွဲ့ဝင်များအစည်းအဝေးကျင်းပပြီး ဗိမာန်တော်တည်ဆောက်ရန် အတည်ပြုခဲ့ကြပြီး ဧပြီ ၁၂ ရက်မှာ သံဃာတော် ငါးပါးနဲ့ မြေနုတ်ခြင်း၊ ကမ္မဝါစာရွတ်ခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး ဧပြီ ၁၃ ရက်မှာ ပန္နက်တင်မင်္ဂလာပြုလုပ်ပြီး ဗိမာန်ကြီးကို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အောက်တိုဘာလက စတင်ပြီး ဦးဝင်းကျော်နဲ့ အဖွဲ့က မြန်မာမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး အသေးစိတ်မွမ်းမံခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဗိမာန်ကြီးနဲ့အတူ ရေစင်တစ်စင်၊ ကုဋီတစ်လုံး၊ ရေလောင်းအိမ်သာ နှစ်လုံး၊ စတီးဝင်းထရံတွေ တည်ဆောက်ခြင်းတွေကိုလည်း ဆောင်ရွက်နေပါတယ်"ဟု မိုးကောင်းဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောကြားသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ရွှေကျောင်းကြီး ရှေးမူမပျက်ထိန်းသိမ်းရေး အမေရိကန်သံရုံးယဉ်ကျေးမှုဌာနမှ ကမ်းလှမ်း

**မန္တလေး မတ် ၅**

အောင်မြေသာစံမြို့နယ်ရှိ သက်တမ်း ၁၃၇ နှစ်ခန့်ရှိပြီဖြစ်သော ရွှေကျောင်းကြီး**(ယာပုံ)**ကို ရှေးမူလက်ရာ မပျက်ပြုပြင်ထိန်းသိမ်းရေး အကူအညီပေးရန် ရန်ကုန်မြို့ အမေရိကန်သံရုံး ယဉ်ကျေးမှုဌာနမှ ကမ်းလှမ်းသည်။ ရွှေကျောင်းကြီးကို သီပေါမင်းနန်းတက်စ ၁၈၇၉ ခုနှစ်က နတ်ရွာစံမင်းတုန်းမင်းကြီး အတွက် ရည်စူးကာ သစ်သားဖြင့် ဆောက်လုပ်ထားသော ရွှေပိန်းချကျောင်းတော်ကြီးဖြစ်ပြီး အတက်၊အဆင်းလှေကားများကို အုတ်ဖြင့်ပြုလုပ်ထားသည်။ ရွှေကျောင်းတော်ကြီးတွင် မြန်မာ့ရိုးရာ ပန်းကနုတ်၊ ပန်းပုလက်ရာများဖြင့် တည် ဆောက်ထားသည်။ မန္တလေးနှင့် အမရပူရတွင် နှစ်ပေါင်း (၁၀၀) သက်တမ်းရှိ ရွှေအင်ပင်ကျောင်း၊ သင်္ဂဇာကျောင်း၊ ယောမင်းကြီး အုတ်ကျောင်း၊ မြင်းဝန်ကျောင်း၊ ဗားကရာကျောင်းကြီးများသည်လည်း ထင်ရှားသည်။ ရွှေကျောင်းကြီးရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရှေးဟောင်းသုတေသန ဦးစီးဌာနက ကွန်ကရစ်တိုင်များ ထောက်ကန်ထိန်းပေးထားသည်။ ရွှေကျောင်းကြီးကို ကမ္ဘာလှည့်ခရီးသည်များလာရောက်လေ့လာကြသဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်သောနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## ထိုင်း-မြန်မာ-အိန္ဒိယ လမ်းမကြီး (ပခုက္ကူမြို့ရှောင်လမ်းမကြီး)အား အဆင့်မြင့်နည်းပညာများဖြင့် ခင်းကျင်းသွားမည်

**ပခုက္ကူ မတ် ၅**

ပခုက္ကူမြို့ကြီးအား တိုးတက်စေရန် နိုင်ငံတော်မှ အဘက်ဘက်က ပြုပြင်တည်ဆောက်ပေးလျက်ရှိပါသည်။ ဧရာ အနောက်မြို့တော်ဟု ဒေသခံများက ခေါ်ဝေါ်သတ်မှတ်ချက်နှင့်လျော်ညီစွာ ပခုက္ကူ၏ ကျောထောက်နောက်ခံဖြစ်သည့် ယောနယ်၊ ကဘော်နယ်နှင့် တောင်ပိုင်းချင်းပြည်နယ်၊ မင်းတပ်၊မတူပီတို့၏ ဒေသတံခါးဝဖြစ်သည့်အပြင် ပခန်းဇန့်ကျီနယ်မြေများ၏ ကုန်စည်စီးဆင်းရာဒေသမြို့တော်လည်းဖြစ်ကြောင်းသိရသည်။ "ဆင်ဖြူရှင်- ဧရာဝတီ ပခုက္ကူတံတား ရွှေချောင်း(၁)၊ ရွှေချောင်း(၂)တံတားတွေကြောင့် ကုန်စည်စီးဆင်းမှုက အားကောင်းနေပါတယ်။ အချိန်နဲ့ တစ်ပြေးညီသွားလာနိုင်ပြီပေါ့ဗျာ။ မိုင် ၁၃၀ ဝေးတဲ့ ပခုက္ကူ -မန္တလေးမှာတင် ကားဂိတ်ပေါင်း ၂၀ ကျော်ရှိနေပါတယ်။ နောက်ထပ်လိုင်းသစ်တွေလည်း ပေါ်လာဦးမယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ မြို့၏တိုးတက်မှုကြောင့် ယာဉ်အသွားအလာများသောမြို့မလမ်းအား ကားကြီးများရှောင်လွှဲမောင်းနှင်နိုင်ရန်လည်းကောင်း၊ ထိုင်း-မြန်မာ-အိန္ဒိယ သုံးနိုင်ငံလမ်းလည်းဖြစ်သည့် မြို့ရှောင်လမ်းကိုလည်း အထူးစီမံကိန်းကြီးအဖွဲ့ (၁)က ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ "မြို့ရှောင်လမ်းက ပခုက္ကူမြို့သစ်ကနေ ဧရာဝတီတံတားအထိ ၄ မိုင် ၂ ဖာလုံရှိပါတယ်။ လမ်းအကျယ် ၁၈ ပေကို ကတ္တရာကွန်ကရစ်ခင်းမှာဖြစ်ပါတယ်။ အောက်ခြေမြေသားလမ်းပိုင်းအကျယ် ပေ ၅၀ ရှိပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပခုက္ကူမြို့ရှောင်လမ်းမကြီးသည် ကျောက်မိကျောင်းမြောက်ဘက် တက္ကသိုလ်နောက်ကျော ဦးကြည်တောင်အနီးမှ ဧရာဝတီတံတားကြီးဆီသို့ ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။ မြေသားနှင့်ဒုံ အခြေခံလွှာများ ရာနှုန်းပြည့်ခင်းပြီးပြီဟုလည်းသိရသည်။ ထိုင်း-အိန္ဒိယ-မြန်မာလမ်းမကြီးဟုခေါ်ဆိုနိုင်ပြီး ပခုက္ကူမြို့ရှောင်လမ်းမကြီးကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလက စတင်ဖောက်လုပ်ခဲ့သည်။အဆင့်မြင့်နည်းပညာများဖြင့် မကြာခင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ "Boil Aggregated Granular Base Course ၁ မိုင် ၄ ဖာလုံ၊ Hill Gravel Stabnlized with Cement Base Course ၁ မိုင် ၄ ဖာလုံ၊ Well Graded Crushed Rock Base Course ၁ မိုင် ၂ ဖာလုံ စုစုပေါင်း ၄ မိုင် ၂ ဖာလုံဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးကလည်း မြို့ရှောင်လမ်းခင်းမှု အခြေအနေနည်းပညာကို ရှင်းလင်းပြောကြားသည်။ မြို့ရှောင်လမ်းမကြီးပြီးစီးသွားသည်နှင့်အတူ ထိုင်း-အိန္ဒိယ ကုန်စည်များ ပခုက္ကူမြို့နှင့် ပခုက္ကူဒေသတွင်းဝင်ရောက်လျက် ဒေသ၏ ရောင်းဝယ်မှုဆိုင်ရာလုပ်ငန်းများမြင့်မားလျက် ဒေသ၏လူနေမှုဘဝများ၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာနိုင်သောကြောင့် ပြည်သူများက ဝမ်းမြောက်ဝမ်းသာစွာ ရှိနေကြောင်း သိရှိရပါသည်။ **နေဦးမောင် (ပခုက္ကူ)**


### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၇၁၀၃၄၊ Honda Astrea ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဟာရှင်၊ မှတ်ပုံတင်အမှတ် [၉/ မနမ(နိုင်)၀၇၇၆၉၀]မှ ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **က. ည. န၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ကြေညာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၈၅)၊ ဦးပိုင်အမှတ်(၃)၊ ၂၉လမ်း၊ ၈၂လမ်း×၈၃လမ်းကြား၊ စွန်မြင့်ရှင်၊ စွန်မြင့်မေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးဌေးစံ(ခ)ဆွန်ယူကျက် နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မရမ(ဧည့်)၀၀၀၂၅၂]မှ အမှုတွဲအမှတ် ၀၈၈၈/ဘ/ပြောင်း/၂၀၁၂-၂၀၁၃ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြေညာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၅၈)၊ ဦးပိုင်အမှတ်(၂. ခ)(ခဲစင်း)၄၁လမ်း×၈၉လမ်းထောင့်၊ကိုစိန်၊မသုံးအမည်ပေါက်ဘိုးဘပိုင်မြေကွက်အား ဦးစိုးနိုင်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၅/စကန(နိုင်) ၀၄၉၀၂၇]၊ ဒေါ်အေးအေးခိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၅/ခဥတ(နိုင်)၀၀၆၀၅၅]မှ အမှုတွဲအမှတ် ၀၈၈၉/ဘ(ခွဲ/ပြောင်း)/၂၀၁၂-၂၀၁၃ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဘ/ခွဲ/ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံ တိုင်းရင်းဆေးပညာဒီပလိုမာ(၄)နှစ်သင်တန်း အပတ်စဉ်(၆) (၇) (၈) (၉) ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ကွယ်လွန်သူ ဆရာကြီးများနှင့် သူငယ်ချင်းများအားရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းကပ်လှူခြင်း၊ ဆရာ/ဆရာမများအား ကန်တော့ခြင်းများ ပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - **၂၀၁၃ခုနှစ်၊ မတ်လ(၂၇)ရက် (တပ်မတော်နေ့)**
**အချိန်** - **နံနက်(၉း၀၀)နာရီ**
**နေရာ** - **မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၊ မန္တလေးမြို့၊ (တိုင်းရင်းဆေးတက္ကသိုလ်အနီး)**

အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**နေပြည်တော်**
ဦးဝေဝင်း ဖုန်း-၀၉၄၉၂၀၁၈၄၉
ဦးဝင်းဟန် ဖုန်း-၀၉၄၂၀၇၀၅၈၅၀

**မန္တလေး**
ဦးကြည်လွင်မြင့် ဖုန်း-၀၉၆၈၀၁၉၉၉
ဦးအောင်ကျော်မင်း ဖုန်း-၀၉၄၀၂၆၆၂၁၈၇
ဦးစန်းလွင် ဖုန်း-၀၉၉၁၀၀၉၉၄၆
ဦးတင်ဝင်း ဖုန်း-၀၉၄၀၂၅၃၁၄၄၁
ဒေါ်ထွေးထွေး ဖုန်း-၀၉၄၂၁၀၃၈၉၄၈

**ရန်ကုန်**
ဦးအုန်းမြင့် ဖုန်း-၀၉၄၄၈၀၀၂၈၂၈
ဒေါ်ရင်ရင်တင့် ဖုန်း-၀၉၅၀၃၉၆၅၁
ဒေါ်ဖြူဖြူအောင် ဖုန်း-၀၉၅၁၂၂၄၅၇
ဦးသန်းဦး ဖုန်း-၀၉၄၉၂၉၇၉၉၃၊၀၉၄၂၁၀၂၀၉၁၃
ဒေါ်မြမြချို ဖုန်း-၀၉၇၃၁၄၃၂၁၆
ဒေါ်အေးအေးချို(မိုချို) ဖုန်း-၀၉၅၀၉၀၁၇၃
ဒေါ်မေထားအောင် ဖုန်း-၀၉၅၀၃၄၉၅၂
ဒေါ်မေရီအောင် ဖုန်း-၀၁၅၁၃၈၄၅
ဦးသိန်းဇော် ဖုန်း-၀၉၇၃၀၆၀၅၈
ဦးစိုးမိုး ဖုန်း-၀၉၇၃၀၅၇၇၀၆၀
ဒေါ်ရီရီစန်း ဖုန်း-၀၉၄၂၀၀၀၀၈၅၆

**မော်လမြိုင်**
ဦးဝင်းမြင့်ဦးဖုန်း-၀၉၄၂၅၂၆၁၆၉၉

**မကွေး**
ဦးသန်းညွန့် ဖုန်း-၀၉၄၄၄၀၁၇၂၁၃

**ကမ္ဘောဇ(ဗဟန်းဘဏ်ခွဲ) ငွေစုစာရင်းအမှတ်(၀၄၁၂၂၀၀၀၇၁၀၇)သို့ ငွေလွှဲလှူဒါန်းနိုင်ပါသည်။ (လိပ်စာ စာအုပ်ပြုလုပ်ရန် ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် လိပ်စာများကို ဒေါ်ဖြူဖြူအောင်၊ ဦးသန်းဦးနှင့် ဒေါ်ရီရီစန်းတို့ထံ ဖုန်းဆက်ပေးပါရန်။)**

**အခန်းဆက်ဝတ္ထု**

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ်

ဘုန်းနိုင်



**(ယမန်နေ့မှအဆက်)**

ဒရိုင်ဘာ ကိုညိုက မော်တော်ကားကို ဖုန်သုတ်နေသည်။ သူ့အသွင်မှာ မိမိကို လိုက်ပို့ချင် ဟန်မပြ။

"ကဲ . . . ကျွန်တော်ပြန်တော့မယ်"

"မင်း ခဏစောင့်ရင် ငါ စက်ဘီးနဲ့ လိုက်ပို့ပေးမယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် လျှောက်ပြန်ပါ့မယ်"

တူးလ်ဘောက်စ်လေးကိုဆွဲပြီး မြင့်နွယ်သည် ခြံဝဆီသို့ ထွက်လာခဲ့၏။ ခြံဝမရောက်မီ နောက်မှပြေးလိုက်လာသော ခြေသံကို ကြားရ၏။

"ဟေး . . . ယူ . . . နေဦး"

သူက ရပ်စောင့်နေ၏။ စင်သီယာက သူ့အနီးရောက်လာ၏။ လက်တွင်းမှာတော့ ငါးကျပ်တန်တစ်ရွက် ကိုင်ထား၏။

"ရော့ . . ဒက်ဒီက ပေးခိုင်းလိုက်တာ"

"ကို ပြောပြီးပြီလေ၊ ဆရာဦးဘသက်ကို မေးပြီး ပေးပါလို့"

"အင်းပါ . . . ဒါပေမယ့် ဒါက ယူ့ဖို့သက်သက်တဲ့၊ ဒက်ဒီက ယူ့ကို သဘောကျလို့"

စင်သီယာက လှမ်းပေးနေသော်လည်း သူက ရုတ်တရက် မယူ။

"ဘာလဲ ယူက ပိုက်ဆံမလိုချင်ဘူးလား"

"လိုချင်တာပေါ့ စင်သီယာ၊ ငွေငါးကျပ်ဆိုတာ ကို့အတွက်က အများကြီး"

"ဒါဖြင့် ခု ဘာလို့မယူတာလဲ"

"ကို စင်သီယာ့ဆီကတော့ မယူချင်ဘူး"

"ဘာပြုလို့"

"ကိုက စင်သီယာ့ကို ခင်တယ်၊ ခင်မင်တဲ့လူဆီက ကို ပိုက်ဆံမလိုချင်ပါဘူး၊ တစ်စုံတစ်ခု ကူညီပေးနိုင်တဲ့ အတွက်ပဲ ကို ဝမ်းသာလှပါပြီ"

"ယူက စင်သီယာ့ကို ဘာလို့ ခင်ရသလဲ"

"စင်သီယာ့ကို မခင်ချင်တဲ့လူ ရှိပါ့မလား"

"ဟာဟ . . . ယူ သိပ်စကားတတ်တာပဲ၊ ယူ . . . အဲဒါ စင်သီယာ့ကို မြှောက်လိုက်တာမဟုတ်လား"

"ကို . . . မှန်တာပြောတာပါ"

"ကဲပါ . . . ရော့ . . . စင်သီယာကလည်း ယူ့ကို ခင်ပါတယ်တဲ့၊ ပြီးတော့ ဒီဥစ္စာက ဒက်ဒီ့ပိုက်ဆံ၊ စင်သီယာ့ပိုက်ဆံ မဟုတ်ဘူး၊ ယူသွားနော်"

သူ မငြင်းသာတော့ဘဲ ငွေစက္ကူကို လှမ်းယူသည်။

"ဒါထက် ယူက ကုန်းကြောင်းပြန်မလို့လား"

"အင်း"

"အို . . . မဟုတ်တာ"

စင်သီယာက ကားရုံဘက်လှည့်ပြီး "ဦးလေးကိုမောင်ညို"ဟု လှမ်းခေါ်သည်။

ကိုမောင်ညို ပြေးထွက်လာသည်။

"သူ့ကို လိုက်ပို့လိုက်၊ အိမ်ရောက်အောင် လိုက်ပို့လိုက် ကြားလား"

"ကောင်းပါပြီ စင်သီယာ"

စင်သီယာတို့အိမ်မှ စင်သီယာတို့ကားဖြင့် မြင့်နွယ် ပြန်လာခဲ့ရသည်။

ကိုမောင်ညို၏ဘေးတွင် စကားတစ်လုံးမျှမပြောဘဲ ထိုင်လိုက်ရင်း ရင်တွင်းမှသာ ညည်းမိသည်။

"ဩော် . . . တိုက်တိုက်ဆိုင်ဆိုင် ကြုံရပလေ"

"ဩော် . . . တိုက်တိုက်ဆိုင်ဆိုင် ကြုံရပလေ"

ဦးတုတ်ဝင်း၏ဘေးတွင် စကားတစ်လုံးမျှမပြောဘဲ ထိုင်လိုက်ရင်း ဦးမြင့်နွယ်သည် ရင်တွင်းမှသာ ညည်းမိ၏။

ဦးတုတ်ဝင်းက သူ့ကို လှည့်ကြည့်ပြီး ပြောသည်။

"ဘယ့်နှယ်လဲ ငြိမ်လှချည်လား၊ ရင်ထဲမှာ လွမ်းပိုအောင် ဖြစ်နေသလား"

"ဟာဗျာ ဘာကိုလွမ်းရမှာလဲ"

ဦးတုတ်ဝင်းက ရုတ်တရက် မဖြေသေးဘဲ ဟီးခနဲ တစ်ချက်ရယ်သည်။

"ဘာကိုလွမ်းရမလဲ၊ ခင်ဗျားပြောတာမှန်တယ်၊ ဘာကိုလွမ်းရမလဲ၊ အဖြစ်အပျက်ကိုလား၊ အကောင်အထည် အရာဝတ္ထု တစ်ခုခုကိုလား၊ ဆက်သွယ်နေတဲ့ ပတ်ဝန်းကျင်ကိုလား၊ အံမယ် တစ်ခါတလေတော့ စွဲမိစွဲရာ စွဲတတ်သဗျ၊ ခင်ဗျား ထားသခင်ဇာတ်ကား ကြည့်ရသလား"

"အင်း . . . ကြည့်ရတယ်၊ မန္တလေးတက္ကသိုလ်ကို အသေးစိတ် နောက်ခံကားထားပြီး ရိုက်ထားတာလေ"

"အဲဒီဇာတ်ကားထဲမှာ ကောလိပ်ဂျင်နေဝင်းကထိကအဖြစ် နေသွားတဲ့အိမ်က အပဲ . . . ကျွန်တော့်အိမ်၊ ဒါကတော့စကားချပ် ခင်ဗျ၊ ပြောချင်တာက ဇာတ်ကားထဲမှာ ထားက သောက်မြင်ကပ်တာမို့ အောင်ဒင့်ကို ဖိနပ်နဲ့ ချွတ်ပေါက်သွားတယ်၊ အဲဒီဖိနပ်လေးကိုပဲ အောင်ဒင်ခမျာ တယုတယသိမ်းပြီး တသသနဲ့ အလွမ်းပြေ ကြည့်ရရှာတယ်၊ စွဲမိစွဲရာလေ"

"ခင်ဗျားက ဘာရည်ရွယ်ချက်နဲ့ ဒီစကားပြောတာလဲ"

"ဩော် . . . ခင်ဗျားလည်း ဒီလိုမျိုး ဖြစ်နေမှာ စိုးလို့ပါ "

"ဘယ်လို ဘယ်လို"

"ခင်ဗျားလည်း ဒီကနေ မန္တလေးပြန်ရောက်ရင် ကားစက်ခေါင်းဖွင့်၊ လဲတပ်ယူလာတဲ့ ခစ်စတြီဗျူတာ အဖုံးလေးဖြုတ်ယူ၊ အဲဒါလေးကို အလွမ်းပြေကြည့်နေမလားလို့၊ အဟက် . . . ဟက် . . . ဟဲ"

နောက်ခန်းမှ ဦးညိုလွဲက ဝင်အုပ်၏။

"ကိုမြင့်နွယ် အဲဒါ သင်ပေးနေတာ၊ သူဆို အဲဒီလို လုပ်မှာ မယုံမရှိနဲ့"

ဦးတုတ်ဝင်းက ပြန်မခွပ်ဘဲ သဘောမနောကောင်းစွာ တဟဲဟဲရယ်နေ၏။

ဦးမြင့်နွယ်လည်း သူနှင့်အတူ လိုက်ရယ်၏။

ကားသည် ထင်းရှူးနှင့် ယူကလစ်နံ့သင်းသော စိတ်ကူးယဉ်မြို့တော်အလှတွင်းသို့ စဝင်နေပြီတည်း။

နတ်တော်လဆန်းလုပြီ။

စာဆိုတော်လ အခါမို့ ဟောကြပြောကြနှင့် စာရေးဆရာ၊ ကဗျာဆရာတွေ မအားလပ်ကြ။ ခရီးယာယီလည်း များကြသည်။

ဖိတ်စာများ လက်ခံရရှိထားသောကြောင့် ဦးမြင့်နွယ်မှာလည်း ခရီးထွက်စရာတို့ရှိနေသည်။ အထက်မြန်မာပြည်သို့ ပြောင်းလာကာစဖြစ်သောကြောင့် မရောက်ဖူးသေးသော ဒေသများသို့သွားရောက်ရန် ဦးမြင့်နွယ်ကလည်း ဆန္ဒအမှန်ရှိနေသည်။ စိတ်ပညာအသင်းက ကြီးမှူးပြီး ဦးမြင့်နွယ်ကို ပွဲထုတ်၍ စာပေဟောပြောပွဲတစ်ခု လုပ်ပေးသည်။ စာဆိုတော်နေ့တွင် ဦးမြင့်နွယ် ခရီးထွက်ရန်ရှိသောကြောင့် ဟောပြောပွဲကို စောစောကြိုလုပ်ကြသည်။

ဟောပြောပွဲကို စနေနေ့ နေ့လယ်ပိုင်း၌ မန္တလေးတက္ကသိုလ်နယ်မြေအတွင်းရှိ ယပ်တောင်ပုံခန်းမ၌ လုပ်သည်။

စင်မြင့်အောက်ရှိ ခန်းမကြီးတစ်ခုလုံးမှ ခုံများကို ဖယ်ထုတ်ထားသည်။ ကျောင်းသား ကျောင်းသူ ပရိသတ်များက ကြမ်းပြင်တွင် ဖျာခင်းထိုင်ကြသည်။ ခန်းမတစ်ခုလုံး ပြည့်သည့်အပြင် ခန်းမအပြင်ဘက်၌လည်း လူတို့ အုပ်နှင့်ရှိနေကြသည်။

သဘာပတိလုပ်သော ပါမောက္ခချုပ်က "အဲဒါ မင်းပရိသတ်တွေ၊ တချို့က မင်းကို မြင်ဖူးကြသေးတယ်၊ တချို့ကမင်းစာသာ ဖတ်ဖူးပြီး ပြောသံဆိုသံ မကြားဖူးကြသေးဘူး၊ ကြည့်စမ်းပါဦး၊ နည်းရော့သလား"ဟု မှတ်ချက်ပေးသည်။

လူများသော်လည်း ဣန္ဒြေပြည့်ဝ စည်းကမ်းရှိကြသည်ကို ဦးမြင့်နွယ် တွေ့ရသည်။

ဆေးစက်ကျရာ အရုပ်ဖြစ်ဟူသကဲ့သို့ ပြောချင်သည်ပြော၊ ပရိသတ်ကို ပွဲကျအောင်ပြောနိုင်သော ပါမောက္ခချုပ်၏သဘာပတိမိန့်ခွန်းမှ စတင်ကာ ဟောပြောပွဲသည် လက်ခုပ်သံတဖြိုင်ဖြိုင်နှင့် မြိုင်လှဘိသည်။

သဘာပတိမိန့်ခွန်းအပြီး၌ ဦးမြင့်နွယ်က စတင်ဟောပြောသည်။

"ကိုယ်တိုင်ကလည်း စိတ်ပညာနယ်က လူ၊ ကြီးမှူးကျင်းပပေးတဲ့ အသင်းကလည်း စိတ်ပညာအသင်းမို့ စာပေကိုစိတ်ပိုင်းဆိုင်ရာထောင့်ကချည်း တစ်ဖက်သတ်ဆွဲဟောသွားမယ်လို့ အထင်လွဲမှာ စိုးမိပါတယ်၊ ခေတ်သစ် စိတ်ပညာဟာလည်းစိတ္တဇဝါဒီ၊ နာမ်ဝါဒီတို့ရဲ့ လဲလျောင်းပျော်မွေ့ရာ မဟုတ်ပါဘူး၊ လူနဲ့ ပတ်ဝန်းကျင်ရဲ့ အညမညကို ရှည်လျားတဲ့နှစ်ကာလတွေကတည်းကအထူးအာရုံပြု သုံးသပ်ခဲ့တဲ့ သိပ္ပံပညာကြီးတစ်ရပ် ဖြစ်ပါတယ်"

"လူ့သဘာဝ၊ လူ့စွမ်းရည်၊ လူ့အောင်မြင်မှုတွေကို လေ့လာတဲ့ပညာရပ်ကြီးဖြစ်လို့လည်း စာပေနဲ့ အနုပညာတွေဟာ စိတ်ပညာရဲ့ သုံးသပ်လေ့လာမှု နယ်ပယ်ထဲမှာ ကျရောက်နေပါတယ်၊ စာပေပညာရှင်တွေ၊ အခြားသော အနုပညာရှင်တွေကလည်း စိတ်ပညာကို ထိထိမိမိ အသုံးချတတ်ကြပါတယ်၊ ပြောင်မြောက်အောင်မြင်တဲ့ စာပေတစ်ခု၊ အနုပညာတစ်ခုမှန်ရင်လည်း စိတ်ပညာအားဟာ တစ်ခဲနက် ငုံဝင်နေတတ်တဲ့ သဘောရှိပါတယ်၊ အကြောင်းကတော့ စာပေနဲ့ အနုပညာမှန်သမျှဟာ အဆုံးအထွဋ်ကျတော့ လူ့စိတ်နဲ့သာ ဆက်ဆံပေါင်းသင်းရလို့ဖြစ်ပါတယ်"

"စာပေအနုပညာနဲ့ စိတ်ပညာတို့ရဲ့ ဆက်သွယ်ပုံကို နိဒါန်းဒီလောက်ပဲ ခံထားချင်ပါတယ်"

"ဒီနေ့ အဓိကထား ဟောပြောမှာကတော့ "ရသစာပေဖန်တီးမှု" အကြောင်းပါပဲ၊ စိတ်ပညာနဲ့ ပတ်သက်တဲ့ သဘောတွေပါမှာဖြစ်သလို လွှဲရှောင်မရတဲ့ ဒဿနိကသဘောတွေလည်း ပါမှာဖြစ်ပါတယ်"

"ရသစာပေကောင်း တစ်ရပ်ကို ဘယ်လိုဖန်တီးသလဲ၊ တစ်နည်းလှည့်ပြောရရင် ဖန်တီးပြီးမြောက်တဲ့ ရသစာပေကောင်း တစ်ရပ်ရဲ့ အင်္ဂါလက္ခဏာတွေဟာ ဘာတွေလဲ၊ ခွဲခြမ်းစိတ်ဖြာကြည့်ရမှာ ဖြစ်ပါတယ်"

"ခွဲခြမ်းစိတ်ဖြာကြည့်ရာမှာ အန္တရာယ်တော့ရှိပါတယ်"

" ဒီနေရာမှာ စိတ်ပညာက ဂျာမန်ဘာသာနဲ့ 'ဂက်စတော့'လို့ခေါ်တဲ့ သဘောတစ်ခုကို ရှင်းပြချင်ပါတယ်"

"ပြီးမြောက်ပြည့်စုံအောင် ဆောက်တည်ထားတဲ့ အရာတစ်ခုမှာ အခြေခံအစိတ်အပိုင်းတို့ရဲ့ စပ်ဟပ်ဖွဲ့စည်းထားခြင်းဆိုတဲ့ 'အရေအတွက်'ဂုဏ်သတ္တိထက် သာလွန်တဲ့ သီးခြား'အရည်အချင်း'ဂုဏ်သတ္တိရှိတယ်ဆိုတဲ့ သဘောပါ"

"ပြီးမြောက်ပြည့်စုံတဲ့ အရာတစ်ခုကို ခွဲခြမ်းစိတ်ဖြာမှုလွန်ရင် တစ်ခါက ဆရာကြီးဇေယျ အမိန့်ရှိသလို ပဘာဝတီဘာလှတာလည်းသိရအောင် ခြေတွေ၊ လက်တွေ၊ ဆံပင်တွေ၊ မျက်လုံးတွေကို တစ်စစီ လှီးဖြတ်ကော်ထုတ်လေ့လာမိသလိုဖြစ်သွားမှာလည်း စိုးရပါတယ်"

ဟာသကွက်မဟုတ်သော်လည်း ပရိသတ်ကသဘောကျရယ်မောပြီး လက်ခုပ်တီးကြ၏။

ဦးမြင့်နွယ်က ဆက်သည်။

"စကားစပ်မိလို့ မိတ်ဆွေတစ်ဦး ဝန်ခံခဲ့တာကို တင်ပြချင်ပါတယ်၊ သူ့ဇနီးရဲ့ဆံပင်ဟာ အုံကောင်းပြီး အင်မတန်လှသတဲ့၊ မြတ်နိုးတာမို့လည်း ဆံပင်ကို အကြိမ်ကြိမ်မွှေးကြူဖူးသတဲ့၊ ဒါပေမယ့် တစ်ခါမှာ သူ့ဇနီးထမင်းပွဲပြင်ရာမှာ ဟင်းခွက်ထဲ ဆံပင်ချည်ပါလာသတဲ့၊ မိတ်ဆွေဟာ အော့အန်မိမတတ် ဖြစ်သွားသတဲ့၊ နောက်မှ ပြန်စဉ်စားမိတာက အခုသူ ရွံမိတဲ့ ဆံပင်ဟာ တစ်ချိန်က သူ အကြိမ်ကြိမ် မွှေးကြူဖူးတဲ့ ဆံပင်ဖြစ်နိုင်တယ်ဆိုတဲ့ အချက်ပါပဲ"

> "သူ့ဇနီးရဲ့ဆံပင်ဟာ အုံကောင်းပြီး အင်မတန်လှသတဲ့၊ မြတ်နိုးတာမို့လည်း ဆံပင်ကို အကြိမ်ကြိမ်မွှေးကြူဖူးသတဲ့၊ ဒါပေမယ့် တစ်ခါမှာ သူ့ဇနီးထမင်းပွဲပြင်ရာမှာ ဟင်းခွက်ထဲ ဆံပင်ချည်ပါလာသတဲ့၊ မိတ်ဆွေဟာ အော့အန်မိမတတ် ဖြစ်သွားသတဲ့၊ နောက်မှ ပြန်စဉ်စားမိတာက အခုသူ့ရွံမိတဲ့ ဆံပင်ဟာ တစ်ချိန်က သူအကြိမ်ကြိမ် မွှေးကြူဖူးတဲ့ ဆံပင်ဖြစ်နိုင်တယ်ဆိုတဲ့ အချက်ပါပဲ"

**(ဆက်လက်ဖော်ပြပါမည်)**

**တစ်ဦးတည်း ဖြစ်ကြောင်း**

ပန်းတနော်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ သူငယ်တန်းတွင် ပညာသင်ကြားနေသော ဦးကျင်ဝင်းထွန်း၏သမီး မဆုလဲ့ထွန်းနှင့် မသက်မှူးအိမ်မှာ တစ်ဦးတည်းဖြစ်ကြောင်း။ **မဆုလဲ့ထွန်း(ခ)မသက်မှူးအိမ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါ(ဗဟိုလမ်း)၊ အိမ်အမှတ်(၄၄)၊ (၆)ထပ်တိုက်၊ မြေညီခေါင်းရင်းခန်းတိုက်ခန်း၊ ၎င်းနှင့်ဆက်စပ် တွယ်ကပ်လျက်ရှိသော ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကြေညာသူ မြေရှင် ဒေါ်လှရီ[၁၂/ကမရ(နိုင်)၀၃၁၀၉၈]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်မူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာသွယ် (LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၈၈)**
**အခန်း(၁၄-က)၊ ဒုတိယထပ်၊ အမှတ်(၈၃)၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၁၈၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၄ လမ်း၊ အမှတ်(၅၉)၊ (၃)လွှာ၊ လက်ဝဲဘက်တိုက်ခန်းနှင့်တကွ ယင်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်း[၃/ဘအန(နိုင်)၀၁၃၇၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၀၄၂)**
**အမှတ်-၁၀၅၊ ၃၉ လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၁၅၃၂၇၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၅၁ရပ်ကွက်၊ ဇေယျာသိဒ္ဓိလမ်း၊ အမှတ်(၁၅၅)နေ ဒေါ်ခင်သန်းနု နိုင်ငံသားအမှတ်[၁၄/ဘကလ(နိုင်)၀၀၄၆၀၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

သားဖြစ်သူ မောင်ဇော်ဇော်အောင်(ခ)မောင်တင်ထွန်းအောင် နိုင်ငံသားအမှတ်[၁၂/ဒဂမ(နိုင်)၀၃၅၉၀၁]သည် ၁၆-၂-၂၀၁၃ ရက်တွင် မိခင်ဖြစ်သူ ခွင့်မလွှတ်နိုင်သည့် ပြုလုပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့သဖြင့် မိခင်၏ဂုဏ်သိက္ခာကို ထိခိုက်စေပြီး ကိုယ်စိတ်နှစ်ပါး ညှိုးနွမ်းရသည့်အပြင် နေအိမ်မှ ၎င်း၏သဘောဆန္ဒအတိုင်း ထွက်ခွာသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မိခင်ဖြစ်သူနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း မည်သည့်ကိစ္စရပ်ကိုမျှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ခိုင်**
**B.A(Law)LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၈၁)**
**ရုံးအဖွဲ့မှူး(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး**

လိုနေသူကို ပေးမကုန် ဖြစ်စေတနာ ပြည့်ဝစွာဖြင့်

**ဆရာမိုး Follow Me Ph.D (USA)**

တန်းခွဲသစ် ဖွင့်ပြီ

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

**Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်**
**ENGLISH 4 SKILLS Level (1,2) ၄လ နှင့်**

ENGLISH 4 SKILLS Level (1) သင်တန်း
Essay, Letter ... Mar 9 ...

4 SKILLS Level(1,2,3) တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။

SPEAKING ၄လ အတတ်

၆နှစ် ENGLISH 4 SKILLS Basic Level, March 12
Grammar, Letter, Essay

ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။

အင်းဝ ... 0943125393
... 01 295798, 398118

Via Myanmar Travels & Tours(Mar-23/Apr-12/May-23) ရက်နေ့တွင် ခရီးစဉ်ရှိပါသည်။

5% off

TKT & TESOL အင်္ဂလိပ်ဘာသာစကားသင်ဆရာဖြစ်သင်တန်း

Local & Native Professional Trainer များ သင်ကြားပို့ချပေးမည်ဖြစ်ပြီး
American TESOL Institute နှင့် University of Cambridge မှ
အင်္ဂလိပ်ဘာသာစကားသင်ဆရာဖြစ်အောင်လက်မှတ်ကို ရရှိမည်ဖြစ်ပါသည်။ (in March)

[zid] Institute
The First & Only American TESOL Institute Accredited TESOL School
No. 86, Lanmadaw 12th St. (Upper). Ph. 09730-39566

General English (4 Skills)
English for Work & Life
IELTS Foundation
Basic Academic Writing

Courses Available in March

Grammar, Reading & Vocab for High School Students
Summer English Courses for Young Learners

ဒေါက်တာခင်မိုးမိုး Ph.D,Chem

ဝေဒနာဂုဏ်ထူး (၉း၁၀)တန်း

စာသင်/စာကျက်ပိုင်း နှင့် ဘော်ဒါ

Ph: 09 731 21329, 09 5402665, 09 73251430

ကျောင်းအပ် လက်ခံပြီ

# ကွန်ကရစ်လမ်းလှူဒါန်းနိုင်

ဘဝခရီး သံသရာခရီး ဖြောင့်ဖြူး သာယာမှုရှိစေရန် လမ်းလှူဒါန်းပါ။

မင်္ဂလာအေးကျောင်းတိုက်၌ စာချ စာသင် သံဃာတော်များ တရားအားထုတ်သူယောဂီများ ဥပုသ်သီလဆောင်တည်သူများ ရေမစိုရွှံ့မပေသန့်ရှင်းကောင်းမွန်စွာ သီတင်းသုံး နေထိုင်နိုင်ရန် (၁၇-၈-၁၂) မှ (၂၀-၈-၁၂)ထိ ရေနစ်မြုပ်ပျက်စီးခဲ့သောလမ်းကို ကွန်ကရစ်လမ်းပြုလုပ်လှူဒါန်းပါမည်။ တစ်ပေပတ်လည်လျှင် တစ်ထောင်ကျပ်နှုန်းဖြင့် အနံ(၁၂)ပေ အလျားပေ(၈၀၀)အတွက် (၉၆)သိန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။

**အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

၁။ တိုက်ကြပ်ဆရာတော် ဦးစန္ဒိမာ၊ မင်္ဂလာအေးကျောင်းတိုက်၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း = ၀၁-၈၀၁၀၈၀၂

၂။ ဦးမြတ်လင်းနိုင် သုဝဏ္ဏ။ ဖုန်း = ၀၁-၅၆၃၅၄၄၊ ၀၉-၇၃-၂၅၄၀၆၁

၃။ ဦးမင်းစိုးစံ ဗဟန်း(၁)လမ်း၊ ဖုန်း = ၀၁-၃၈၀၈၉၄၊

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်းနေ
ဦးစန်းအောင်- (Dr.ဒေါ်မူမူဆွေ)တို့၏သား၊ မရတနာထက်ထက်ကျော်၏မောင်၊ Dr.နေထက်လင်း၏ညီ၊

**Dr.သုထက်အောင် (M.B.,B.S, MRCP Part 1 UK)**

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ ဗိုလ်စောပုလမ်းနေ
ဦးသန်းလွင်-ဒေါ်နီနီဝင်းတို့၏သမီး၊ မောင်ကောင်းဆက်ညိမ်း (2nd MB)၏အစ်မ

**မသင်းသဥ္ဇာညိမ်း (B.A Chinese, YUFL), DTHM Singapore, DMA UK**

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**Dr.သုထက်အောင်-သင်းသဥ္ဇာညိမ်း**

ပင်လယ်ပြာပြာစာပေမှထုတ်ဝေသော ထွက်ပြီ

စာစဉ်(၁) ... စာစဉ်(၂) ... စာစဉ်(၃) ...

Dream
ချောင်းသာ - ၁၀၀၀၀/-
ကျိုက်ထီးရိုး - ၈၀၀၀/-
09-5012452, 09-5075612, 09-5012336

စာမေးပွဲအောင်ပွဲဝင်ယတြာများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တရုတ် ENGLISH Conversation Practice
Sayar.Yang
Great Wall
TAMWE - 540714, 09 5183636
09 49 285182

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ထီးတန်းလမ်း၊ တိုက်အမှတ်(၇)၊ (၄လွှာ)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသင်း[၇/ပမန(နိုင်)၀၃၃၆၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးပြည့်လင်း(စဉ်-၃၀၈၈၁)**
**LL.B,Diploma in International Law**
**အထက်တန်းရှေ့နေ**
**အမှတ်(၁၆၄)၊ ဗိုလ်ဆွန်ပက်လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်**
**ဖုန်း-၀၉၅၄၀၆၄၈၇**

AGGA Travel & Tours Co., Ltd

IVECO = 19 Seaters
HIACE(G.L)= 14 Seaters
HIACE Limited = 7 Seaters
Alphard = 7 Seaters
Saloon = 4 Seaters



မြို့တွင်း/မြို့ပြင် ကားငှားမယ်ဆိုသတိရပါ

www.aggatravel.com www.facebook.com/aggatravel
Hot Line: 09 500 99 30, 09 4500 12695

ES4E SUMMER SCHOOL
( March to May 2013 )
Enrol Now!
☎ 662970, 663820, 662937
51, Kaba Aye Pagoda Road, Yankin Tsp.

အစိုးကျိုးပေါင်းတက်ရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း

အောင်မင်္ဂလာ

ဆေးကုသချိန် - နံနက်(၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီထိ
ညနေ(၃း၀၀)နာရီမှ ည(၆း၃၀)နာရီထိ

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၃၀ ၂၉၇၅၅
အမှတ်(၁၁၁)၊ ခေါ်ဦးဘိုတန်းလမ်း(အပေါ်ဘလောက်)၊ လသာ၊ ရန်ကုန်မြို့။

## အောင်လံဆရာတော် အရှင်စန္ဒိမာ၏

## (၁၀)ရက်အဓိဋ္ဌာန် အထူးတရားစခန်းပွဲကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ(သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြု)ဆရာတော် အရှင်စန္ဒိမာသည် (၁၀)ရက်အဓိဋ္ဌာန်အထူးတရားစခန်းပွဲကို ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာရှိ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ(ရန်ကုန်ရိပ်သာကြီး)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်မည့် ယောဂီများသည် တရားစခန်းပွဲ ပထမရက်မတိုင်မီ (တစ်ရက်)ကြိုတင်၍ အိပ်ရာလိပ်၊ ထီး၊ လက်နှိပ်ဓာတ်မီး စသည့်အသုံးအဆောင်ပစ္စည်းများ၊ မှတ်ပုံတင်စိစစ်ရေးကတ်တို့နှင့်အတူ လာရောက်ရန်ဖြစ်ပါသည်။ ယောဂီများအနေဖြင့် လူဦးရေကန့်သတ်ထားပါသောကြောင့် ၁၅-၅-၂၀၁၃ရက်မတိုင်မီ စာရင်းပေးသွင်းကြပါရန် ဖြစ်ပါသည်။ (၂)ကြိမ်အထက် ယောဂီများ လက်မခံပါ။

ကျင်းပမည့်နေ့ရက် - ၁၇-၅-၂၀၁၃ရက် ညနေ ၅နာရီအရောက် လာရောက်သတင်းပို့ရန်
- ၁၈-၅-၂၀၁၃ရက်မှ ၂၈-၅-၂၀၁၃ရက် နံနက် ၆နာရီအထိ

**[နိုင်ငံသားစိစစ်ရေးကတ်ပြား မပါရှိသူများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။]**

(နယ်မှလာရောက်သူများအနေဖြင့် ၁၆-၅-၂၀၁၃ရက်ထက်မစော၊ ၁၇-၅-၂၀၁၃ရက်ထက် နောက်မကျစေရ)

ယောဂီများအနေဖြင့် တရားစခန်းဝင်ခွင့်ပုံစံများအား အောက်ဖော်ပြပါ နေရာ/ပုဂ္ဂိုလ်များထံမှ ကြိုတင်ရယူ၍ နားလည်သဘောပေါက်ပြီး လိုက်နာနိုင်မည့်သူများသာ လက်ခံပါမည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

တိုက်ခွဲ(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ကုန်းတလပေါင်စံပြကျေးရွာ၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၃၈၃၁၁
ဦးထွန်းရီ ဖုန်း-၀၁-၅၈၀၂၂၇၊ ဦးကြည်အောင် ဖုန်း-၀၉-၄၉၂၅၈၁၆၁၊
ဦးသန်းဌေး ဖုန်း-၀၁-၆၃၈၁၇၉။
ဦးသက်လှိုင် ဖုန်း-၀၁-၅၇၉၀၁၆၊ ဦးတိုးဦး ဖုန်း-၀၉-၇၃၀၅၂၂၆၇၊ သာကေတမြို့နယ်။
ဦးအေးကို ဖုန်း-၀၁-၅၆၃၃၁၁၊ တောင်ဥက္ကလာပမြို့နယ်။
ဦးသန့်ဇင် ဖုန်း-၀၁-၅၄၆၆၇၀၊ ဗဟန်းမြို့နယ်။
ဦးဇော်ကြီး ဖုန်း-၀၉-၄၉၄၄၄၁၆၉၊ ပဲခူးမြို့။

နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်များအနေဖြင့် အောက်ပါ Website တွင် ပုံစံများဖြည့်၍ ပြန်လည်ပေးပို့ရန် ဖြစ်ပါသည်။

**Email:theinngu32@gmail.com,Website:www.theinngu32.org**

## ဇလွန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၉၆) ဓမ္မရိပ်သာကြီးတွင်

## (၈၁)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး(တစ်လ)တရားစခန်းပွဲကြီး

ဇလွန်မြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ရက်) ၆-၄-၂၀၁၃ရက်မှ (၁၃၇၅ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ရက်) ၅-၅-၂၀၁၃ ရက်အထိ (တစ်လ) တရားစခန်းပွဲကြီး ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

အဆိုပါ (တစ်လ)တရားစခန်းပွဲကြီး၌ ကမ္မဋ္ဌာနာစရိယ သုံးဆယ်မြို့၊ ရွာမ မိုးကုတ်ရိပ်သာကျောင်းဆရာတော် ဦးတေဇနိယ B.Sc, ဓမ္မာစရိယ အရှင်သူမြတ်နှင့် မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးကျော်စိန်တို့မှ ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် နေရာမလပ် ရှုပွားနည်းသင်ကြားပြသမည် ဖြစ်ပါသောကြောင့် တရားဝင်ရောက်အားထုတ်ကြပါရန် နိုးဆော်အပ်ပါသည်။ရန်ကုန်မှ လိုက်ပါလိုသော ယောဂီများသည် ဆရာကြီး ဦးကျော်စိန် ဖုန်း-၀၁-၅၅၄၄၃၅ ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ**
**အမှတ်(၉၆)၊ ဇလွန်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာနများ
## အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးအတွက်
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာနများရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များတွင် အငယ်တန်း အင်ဂျင်နီယာ(၂)ရာထူး လစာနှုန်း ကျပ်(၅၉၀၀၀-၁၀၀၀- ၆၄၀၀၀)ရာထူးများ လစ်လပ်ပါသဖြင့် လျှောက်ထားလိုသူများ လျှောက်လွှာတင်သွင်းနိုင်ကြပါသည်-

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) BE/B.Tech (မြို့ပြ/လျှပ်စစ်)သို့မဟုတ် AGTI (မြို့ပြ/လျှပ်စစ်) အောင်မြင်ပြီး အင်ဂျင်နီယာလုပ်သက် (၂)နှစ်ရှိပြီးသူများ ဖြစ်ရမည်။
- (ဂ) ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် အသက်(၃၅)နှစ်၊ ဝန်ထမ်းဖြစ်ပါက(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဃ) မည်သည့်တက္ကသိုလ်/ဒီဂရီကောလိပ်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို ၄-၃-၂၀၁၃ရက်မှစ၍ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရန်ကုန်မြို့၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)မန္တလေးမြို့နှင့်အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရန်ကုန်မြို့နှင့်အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးမြို့သို့ ၂၀-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး တင်သွင်းလျှောက်ထားနိုင်ပါသည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို လမ်းကြောင်းမှန်အတိုင်းပေးပို့၍ မိတ္တူတစ်စောင်ကို အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရန်ကုန်မြို့(သို့မဟုတ်)အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)မန္တလေးမြို့သို့ ၂၀-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး တိုက်ရိုက်ပေးပို့ရမည်။

၅။ စာမေးပွဲဝင်ကြေး ၁၀၀၀ိ/-ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ် ကမာရွတ်ဘဏ်ခွဲ ငွေစာရင်းအမှတ် MD010692နှင့် မန္တလေးမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂)ရှိ ငွေစာရင်းအမှတ် MD-၀၁၂၇၅၇သို့လည်းကောင်း စာတိုက်ငွေပို့လွှာဖြင့် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ သထုံလမ်း၊ ရန်ကုန်မြို့သို့လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ၃၄၊ ၃၅လမ်းကြား၊ လမ်း၈၀၊ မန္တလေးမြို့သို့လည်းကောင်း ပေးသွင်း၍ လျှောက်လွှာနှင့်အတူ ငွေသွင်းပြီးကြောင်း ချလန်(သို့)ငွေပို့လွှာဖြတ်ပိုင်းကို ပူးတွဲတင်ပြရပါမည်။ (ဘဏ်ငွေလွှဲဖြင့် ပေးပို့ခြင်းကို လက်ခံမည်မဟုတ်ပါ)

၆။ ၂၉-၃-၂၀၁၃ရက်တွင် ရေးဖြေစာမေးပွဲကို အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်မြို့နှင့် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)မန္တလေးမြို့တို့တွင် တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

၇။ အသေးစိတ်အချက်အလက်များကို အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရန်ကုန်မြို့၊ သထုံလမ်း၊ ဖုန်း-၀၁-၅၁၃၁၄၆၊ ၀၁-၅၃၄၃၂၀ နှင့် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၃၁၇၊ ၀၂-၆၀၃၇၂ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာနများ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆က/၄၃၅၃၊ Hino Ranger FD/168 B/Truck(4x2)ယာဉ်လက်ဝယ်ရှိသူအမည် ဦးလှဝင်းမောင် မှတ်ပုံတင်အမှတ်[၁၂/ခရန(နိုင်)၀၇၇၀၆၇]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃/ရန်ပြေ၊ မြေကွက်အမှတ်-၄၅/ခ၊ မြေကွက်တည်နေရာအမှတ်-၄၅/ခ၊ ရန်ပြေ(၆)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးထွန်းဝေ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းဝေထံမှ အရပ်အရောင်းအဝယ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဥမ္မာအုန်း[၁၂/လသန(နိုင်)၀၀၄၄၃၃]က ပါမစ်ပျောက်ဆုံးကြောင်း၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာနှင့် ကျမ်းကျိန်လွှာများတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ သန့်တင်ထွေး(ခ)ချစ်ချစ်[၁၀/ခဆန(နိုင်)၀၇၁၅၇၄]ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် အမျိုးမျိုးဒုက္ခပေးနေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဒေါ်ဟာလီမာဘီ(ခ)ခင်လှဝင်း**
**[၁၀/ခဆန(နိုင်)၁၃၁၃၄၅]**

## စွန့်လွှတ်ခြင်း

မဇင်သူဦး[၁၂/စခန(နိုင်)၀၆၄၀၇၇]နှင့် ကျွန်မ၏ မိတ်ဆွေကိုအောင်နွေထွေး[၁၂/ဗဟန(နိုင်)၀၀၇၃၄၇]တို့သည် (၂၀၀၅)ခုနှစ်က လက်ထပ်ခဲ့ပြီးသမီးတစ်ဦး ထွန်းကားခဲ့သော်လည်း အိမ်ထောင့်တာဝန်၊ မိခင်တာဝန်၊ ဇနီးတာဝန်ကျေပွန်ခြင်းမရှိ၊ ခင်ပွန်းနှင့်မိဘများအား ကိုယ်၊ စိတ်ဆင်းရဲ အရှက်တကွဲဖြစ်စေရန် ရိုင်းပျစွာပြုမူခြင်း၊ ခင်ပွန်းဖြစ်သူ အလုပ်လုပ်၍မရလောက်အောင်ပင် ဂုဏ်သိက္ခာကျဆင်းစေရန် ပြုမူနှောင့်ယှက်ခြင်းများကြောင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိ၍ ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကျွန်မ၏မိတ်ဆွေအား မနှောင့်ယှက်ရန် အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**လွှဲအပ်ညွှန်ကြားသူ**
**ကိုအောင်နွေထွေး**
**[၁၂/ဗဟန(နိုင်)၀၀၇၃၄၇]**

**လွှဲအပ်ချက်အရ-**
**ဒေါ်ခင်သန်းအေး(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၆၀၉၅)**
**B.Com,H.G.P,R.L,WIPO(switzerland)**
**တိုက်-၁၀/၁၂၊ အခန်း-၁၀၃ F၊ ၃၅ လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -တ/၄၁၊ မြေကွက်အမှတ်-၇၆၃(ခ)၊ မြေကွက်တည်နေရာအမှတ်-၇၆၃(ခ)၊ အောင်သိဒ္ဓိလမ်း၊ ရွှေပြည်သာမြို့နယ် (ဦးရာဇာ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးရာဇာထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဇေယျ[၁၂/လမန(နိုင်)၁၁၆၂၆၄]မှ ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပါမစ်ပျောက်နှုန်းဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၂၅၊ မြေကွက်အမှတ်-၃၄၂၊ မြေကွက်တည်နေရာအမှတ်-၃၄၂၊ ၁၂၅ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်(ဦးဌေးမြင့်)အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးဌေးမြင့်[၁၂/ဗတထ(နိုင်)၀၂၂၆၉၇]ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်မင်း[၁၂/အစန(နိုင်)၀၇၀၅၁၁]မှ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၅၄)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်သန်းညွန့်ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးတင်မောင်[၁၂/ဥကတ(နိုင်)၀၇၄၅၂၇]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး

### နှစ်(၈၀)ပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုကြေညာခြင်း

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ နှစ်(၈၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများအနက်မှ အောက်ပါပုဂ္ဂိုလ်များ ဆုရရှိကြောင်း ကြေညာပါသည်။

(ပထမဆု) ဦးအောင်မင်း(ထက်/အုပ်-ငြိမ်း) မြောင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ (ဒုတိယဆု) ဒေါက်တာသန်းဝင်း(မေးရိုးနှင့်ခံတွင်းဆေးပညာ) ၁၀၉၊ ဒုတိယထပ်၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ (တတိယဆု) အောင်သွေးလက်(မြစ်ခြေ) ၁၇၊ ပတ္တမြားလမ်း၊ ဗဟန်းမြို့နယ်တို့ ဖြစ်ပါသည်။

နှစ်သိမ့်ဆုရရှိသူများမှာ မတင်ထားယု နေလသကြားစက်၊ စိန်ကုန်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ သန်းထွန်းဝင်း ၅၄၄၊ ဘုရားကြီးလမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ဦးသန်းထွန်း(ကျော်သစ်)သစ်ဆိုင်ဝင်း၊ ရတနာပုံရပ်ကွက်၊ တမ္ပဝတီ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့တို့ ဖြစ်ကြပါသည်။

ချီးမြှင့်မည့်ဆုငွေမှာ ပထမဆုငွေကျပ်(သုံးသိန်း)၊ ဒုတိယဆု ငွေကျပ်(နှစ်သိန်း)၊ တတိယဆု ငွေကျပ်(တစ်သိန်း)နှင့် နှစ်သိမ့်ဆုအဖြစ် ငွေကျပ်ငါးသောင်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရစာမူများကို စာအုပ်ရိုက်နှိပ်ထုတ်ဝေရန် စီစဉ်ထားပါသဖြင့် ဆုရရှိသူများသည် မိမိတို့အထောက်အထားပြသည့် ဆောင်းပါးဓာတ်ပုံများနှင့် အခြားအထောက်အထားမူရင်းများနှင့်အတူ မိမိတို့၏ ပတ်ပို့စ်အရွယ် ကာလာလိုင်စင်ဓာတ်ပုံ(၂)ပုံစီနှင့် ကိုယ်ရေးအချက်အလက်အကျဉ်း အမြန်ဆုံးပေးပို့ကြရန်။ ဆုချီးမြှင့်ပွဲအခမ်းအနားကို ၆-၄-၂၀၁၃ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် သီရိရတနာခန်းမ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၌ ကျင်းပမည် ဖြစ်ပါသည်။

**အမှုဆောင်အဖွဲ့**
**နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၃ရပ်ကွက်၊ အမှတ်(၃၃၈) ဟုခေါ်တွင်သော အလျား ပေ၆၀×အနံ ပေ၄၀ရှိ အိမ်ခြံမြေအား လက်ရှိဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်မြင့်မြင့်အေး[၁၂/တမန(နိုင်)၀၃၁၀၈၀]ထံမှ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် လက်ဝယ်အကျိုးခံစားလျက်ရှိသူ မခင်ထွေးလှိုင်-မောင်ကျော်ကျော်ထွေးတို့ထံမှ အခြားသူတစ်ဦးထံ ပြန်ရောင်းချသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မောင်ကျော်ကျော်ထွေး[၁၂/ဥကမ(နိုင်)၂၁၅၇၃၀]**
**မခင်ထွေးလှိုင်[၁၂/ဥကမ(နိုင်)၁၉၇၆၇၁]**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ တစ်အိမ်တည်းနေ မဥမ္မာသောင်း[၆/ထဝန(နိုင်)၀၀၀၄၀၉]အား ကျွန်မတို့ မကျန်းမမာဖြစ်နေကြစဉ် ပွဲရုံလုပ်ငန်းကို ခေတ္တဦးဆောင်စေထားပါသည်။ ၄-၁-၂၀၁၀ ရက် ဖခင်ကွယ်လွန်သွားပြီး ကျွန်မဆေးကုသမှု ခံယူနေစဉ် သားသမက်ဖြစ်သူ နေမျိုးသွင်[၁၀/မလမ(နိုင်)၀၀၁၄၆၃]နှင့် ၎င်းတို့ပူးပေါင်းကြံစည်အကွက်ဆင်ကြကာ မိဘ၏ပွဲရုံလုပ်ငန်းကို အလွဲသုံးစားပြု၍ လုယူခြင်း၊ အသစ်ဝယ်ယူထားသည့် အိမ်တစ်လုံးကိုပါ အလွဲသုံးစား စွပ်စွပ်စွဲစွဲ အကွက်ဆင် တရားစွဲဆို အပိုင်သိမ်းရန် ပြုလုပ်နေကြခြင်း၊ မိခင်နှင့်မောင်နှမများ သိက္ခာကို ကျဆင်းစေခြင်း စသည့် မဖြစ်သင့်သောကိစ္စရပ်များ ပေါ်ပေါက်စေသောကြောင့် ယနေ့မှစ၍ ၎င်းတို့နှစ်ဦးအား သေခန်း၊ ရှင်ခန်း၊ အမွေခန်းပြတ် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ မေးမြန်းခြင်းသည်းခံပါ။

**ဒေါ်အေးပွန်[၆/ထဝန(နိုင်)၀၁၁၃၄၇]**
**ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၅)၊ မြေကွက်အမှတ်[၁၅၈၄၊ ၁၅၈၅၊ ၁၅၈၆(က)၊ ၁၅၈၆(ခ)]၊ ၁၉ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းပေါ်ရှိ မြေအကျယ်အဝန်း အလျား ပေ ၁၂၀×အနံ ပေ ၆၀ရှိ ပါမစ်မြေကွက်(၄)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင် (၁) အရာခံဗိုလ်ကျော်သန်း၊ (၂) ဦးစိန်ရွှေ၊ (၃) ဦးထွန်းလှိုင်၊ (၄) ဦးတင်သောင်းတို့ထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးစိုးပိုင်[၇/ထတပ(နိုင်)၀၄၈၆၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူဖြူသန့် LL.B,D.B.L,D.L-101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၁၁)**

**ဒေါ်အေးမြမွန် (LL.B,LL.M)(စဉ်-၃၄၆၇၉)**
**ဒေါ်လှိုင်ယဉ်မွန် (LL.B)(စဉ်-၄၀၆၄၈)**
**အထက်တန်းရှေ့နေများ**

**PIONEER LAW FIRM**
**အမှတ်-၁၃၂/အေ၊ ဒုတိယထပ်၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၀၁၄၆၂၊ ၀၉-၄၉၃၄၀၁၇၀၊ ၀၉-၄၉၅၈၅၄၅၆**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၅

**ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၁၂)ခုဖြင့် ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက **၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း** ပြန်လည်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ နိုင်ငံတော်သမ္မတကပေးပို့သော **၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ပါ သီးသန့်ရန်ပုံငွေမှ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သုံးစွဲခဲ့သည့် ကျပ်သန်းပေါင်း (၁၀၂ ဒသမ ၃၀၀)ကို ဥပဒေနှင့်အညီသုံးစွဲခြင်းအတွက် ကျိုးကြောင်းဖော်ပြချက်ပါရှိသော သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အခွန်အကောက်ဆိုင်ရာ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် လက်ရှိအခွန်အကောက်စနစ်အပေါ်တွင် ပြန်လည်သုံးသပ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိသည့် ခေတ်မီအခွန်စီမံခန့်ခွဲမှုစနစ်သို့ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် အခွန်အကောက်ဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိရောက်သည့် အခွန်စီမံခန့်ခွဲမှုစနစ်အတွက် အရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ်အဖြစ်ဝန်ဆောင်မှုကို အခြေပြုချဉ်းကပ်မှုစနစ်နှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခွန်ဆိုင်ရာသတင်းအချက်အလက်များကို ဆက်သွယ်ရယူနိုင်စေရန် မရှင်းလင်းသည့်အချက်များကို မေးမြန်းနိုင်ရန် အခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အဆင်မပြေသည့် ကိစ္စရပ်များတိုင်ကြားနိုင်ရန် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(Tax Services Unit)ကို ရန်ကုန်မြို့၌ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

"Convention on the Recognition and Enforcement of Foreign Arbitral Awards,1958 (New York Convention)"သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မက်လုံးပေးဆွဲဆောင်ပြီးဖိတ်ခေါ်သည့် ကမ္ဘာ့နိုင်ငံအများစုနည်းတူ ရင်းနှီးမြှုပ်နှံသူများလိုလားပြီး ၎င်းတို့ကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ အကာအကွယ်ပေးသော၊ အာမခံချက်ရှိသော ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်းရန်လိုအပ်နေပြီဖြစ်ကြောင်း၊ ၁၉၅၈ ခုနှစ် ကွန်ဗင်းရှင်းသည် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်သာမက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်လုပ်ကိုင်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း အကာအကွယ်ပေးသော ကွန်ဗင်းရှင်းဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအကြား ပေါ်ပေါက်လာနိုင်မည့် အငြင်းပွားမှုအပေါ် နှစ်ဦးနှစ်ဖက် မျှမျှတတအကာအကွယ်ပေးမည့် အဆိုပါ ကွန်ဗင်းရှင်းကို နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်လက်ခံပြီး ပြည်တွင်းဥပဒေအဖြစ် ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

New York Convention အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု **စာမျက်နှာ ၇ ကော်လံ ၁ သို့**



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့သို့ တက်ရောက်လာသူများကို တွေ့ရစဉ်။** (သတင်းစဉ်)

ဘာသာပြန် - သတင်းလုလင်



# ဝါးပင်၏ မျိုးဗီဇဆိုင်ရာ မြေပုံ တရုတ်သိပ္ပံပညာရှင်များ ထုတ်လုပ်

**ပေကျင်း မတ် ၅**

တရုတ်သိပ္ပံပညာရှင်များသည် ဝါးပင်၏ မျိုးဗီဇ သတင်းအချက်အလက်များ အပြည့်အစုံပါဝင်သော မြေပုံတစ်ခုကို ထုတ်ယူနိုင်ပြီဖြစ်ကြောင်း တရုတ်သိပ္ပံပညာရပ်များဆိုင်ရာ အကယ်ဒမီက ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဝါးပင်၏ မျိုးဗီဇ သတင်းအချက်အလက်များ အပြည့်အစုံပါဝင်သော မြေပုံကို ထုတ်ယူနိုင်ခြင်းဖြင့် ဝါးမျိုးကောင်းမျိုးသန့်များကို သုတေသနပြု ထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး ဝါးကိုသစ်၏နေရာတွင် အစားထိုးသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း ဝါးများ၏ မျိုးဗီဇများကို သုတေသနပြုလေ့လာနေသောအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ကျန်ဇီဟွေက ပြောကြားသည်။

သုတေသနအဖွဲ့သည် ဝါးပင်၏ မျိုးဗီဇ သတင်းအချက်အလက်များ အပြည့်အစုံပါဝင်သော မြေပုံကို ထုတ်လုပ်နိုင်ရန် ၂၀၀၇ ခုနှစ်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးအများဆုံးစိုက်ပျိုးသည့် နိုင်ငံဖြစ်ပြီး ဝါးအသုံးပြုမှု အများဆုံးနိုင်ငံလည်းဖြစ်သည်။ တရုတ်နိုင်ငံ၌ မိုဆို အမျိုးအစားဝါး(moso bamboo)ကို ဟတ်တာ ၃ ဒသမ ၈၆ သန်း စိုက်ပျိုးသည်။

မိုဆိုအမျိုးအစားဝါးပင်သည် ကမ္ဘာပေါ်တွင် အမြန်ဆုံးပေါက်ရောက်သည့် ဝါးအမျိုးအစားဖြစ်ပြီး ၂၄ နာရီကြာမြင့်ချိန်အတွင်း စင်တီမီတာ ၁၀၀ အထိ အညွန့်ထွက်နိုင်ကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

ဝါးကို စက္ကူထုတ်လုပ်ရေးလုပ်ငန်းနှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်ရေးလုပ်ငန်းတို့တွင် အသုံးပြုနိုင်သည်။ တရုတ်နိုင်ငံ၌ မျိုးရိုးဗီဇနည်းပညာအရ မျိုးစပ်ဝါးများကို ထုတ်လုပ်လာနိုင်ခြင်းဖြင့် ပင်ဒါဝက်ဝံများအတွက် အစာရေစာကို အလုံအလောက်ထုတ်လုပ်ပေးလာနိုင်မည်ဟု သုတေသနအဖွဲ့က မျှော်လင့်သည်။

(ဆင်ဟွာ)

## ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲပိတ်ပွဲ ကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၅**

၂၀၁၃ ခုနှစ် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနား၊ ပြည်ထောင်စုဖလားအမျိုးသားဘောလုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို မတ် ၇ ရက် ညနေပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်၊ နေပြည်တော်မြန်မာ့အသံနှင့် SkyNet Sport Channel တို့မှ ညနေ ၃ နာရီခွဲမှစတင်ပြီး အခမ်းအနားကျင်းပပုံများကို တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

အလားတူ ပြည်ထောင်စုဖလားအမျိုးသမီးဘောလုံးဗိုလ်လုပွဲယှဉ်ပြိုင်မှုကို နံနက် ၇ နာရီခွဲမှ စတင်ပြီး တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးသက်လေပြင်းတိုက်ခတ်၍ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၅**

မြန်မာနိုင်ငံအရပ်ရပ်၌ အနောက်တောင်မုတ်သုံရာသီ မကျရောက်မီကာလအတွင်း နေ့အပူချိန်များမြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်၌ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း၊ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# အားဖြည့်အချိုရည်ထက် ခရမ်းချဉ်သီးဖျော်ရည်သောက်ခြင်းဖြင့် အမြန်ပြန်လည်အားပြည့်စေနိုင်ဟုဆို

ဘာသာပြန် - မာမာစိုး

ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်သည့်သူများအနေဖြင့် အားဖြည့်အချိုရည်များ သောက်ခြင်းထက် ခရမ်းချဉ်သီးဖျော်ရည်သောက်ခြင်းက စွမ်းအားများပြန်လည်ဖြည့်တင်းပေးရာတွင် ပိုမိုအထောက်အကူရရှိကြောင်း လေ့လာချက်အသစ်တစ်ရပ်က ဆိုသည်။

ခရမ်းချဉ်သီးသည် ခွန်အားစိုက်ထုတ် အလုပ်လုပ်ကာ အားအင်ကုန်ခန်းမှုတို့အတွက် ကြွက်သားနှင့် သွေးခုန်နှုန်းများကို ပုံမှန်ပြန်ဖြစ်လာစေရန် ကူညီပေးသည့် အရေးပါသော ဓာတုပစ္စည်းများပါရှိသည်ဟု ကျွမ်းကျင်သူများက ပြောသည်။

ခရမ်းချဉ်သီးဖျော်ရည်သောက်သုံးခြင်းသည် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ပြီးချိန်တွင် ကြွက်သားများပြန်လည်အားပြည့်မှုနှုန်း ပိုမြန်ပြီး သကြားဓာတ်ကို ပုံမှန်အနေအထားသို့ လျင်မြန်စွာ ပြန်လည်ရရှိစေသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့**




